www.burmeseclassic.com

# ဝေပုံးဒဋ

စာညွှန့်ပါ လေကာ ရှေး

(လုံးချင်းဝတ္ထုသစ်)

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် : ၅၀၀၇၉၈၀၇၀၇

မျက်နှာဖုံးခွင့်ပြုချက်အမှတ် : ၅၀၀၈၄၆၀၈၀၇

ပုံနှိပ်ခြင်း : ပထမအကြိမ်၊ စက်တင်ဘာလ

ထုတ်ဝေသူ

ဦးစန်းမွန်အောင်

(ဝါတို့စာပေ)

75(D)၊ ဗိုးစိန်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။

မျက်နှာဖုံးဒီဇိုင်း

နေမျိုးဆေး

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ

ဦးတင်အောင်ကျော်

(ရွှယ်တော်ပုံနှိပ်တိုက်)

အမှတ်(၈၇)၊ ၅၆–လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။

အုပ်ရေ

၅၀၀

တန်ဖိုး : ၁၅၀၀ ကျပ်

# ဝေမျိုးသွင်

# ကတ္တီပါလက်ရေး

Printed in Yangon : 2007

www.burmeseclassic.com

www.burmeseclassic.com

## ငွေမျှားသွင်၏ ထုတ်ဝေပြီးစာအုပ်များ

၁။ လသွဲအားနဲ့ မိန်းမ
၂။ အဆင့်မြင့် ချည်တိုင်
၃။ အနွေးသွား လွန်းပုံယာဉ်
၄။ စိတ်ကောက်နတ်သမီး
၅။ လေလုံဇကာ (ကဗျာ)
၆။ အပြာရောင်မှတ်ဉာဏ် အပိုင်းအစများ
၇။ သံယောဇဉ်ဖတ်စာ
၈။ သစ်ရွက်တို့၏ ပေါ့ဆခြင်းများ (ကဗျာ)
၉။ ဝတ်မှုန်ကူးတဲ့ ကြယ်
၁၀။ စက္ကူပန်းတွေရဲ့ သီချင်း
၁၁။ ကျူးပစ်ကိုယ်တိုင် မသိခဲ့တဲ့ မြားအကြောင်း
၁၂။ ဗလာကောင်းရေးတဲ့ ဗလာအကြောင်းများ
၁၃။ အခန်းဆက်နှင်းဆီ
၁၄။ ကျွမ်းကျင်စွာပြုလုပ်ထားသောအလွမ်း
၁၅။ ချစ်သူပြောတဲ့ တနင်္ဂနွေပုံပြင်
၁၆။ တစ်ခါတစ်ရံများ
၁၇။ အချစ်အကြောင်း (ကဗျာ)
၁၈။ အဆောင်သူအတွက်
၁၉။ အသည်းကွဲလူရွှင်တော်
၂၀။ တယော
၂၁။ ခေါင်ဥယျာဉ်ရဲ့နောက်ဆုံးနေ့
၂၂။ ဘတ်သီးအော်ပရေးရှင်း
၂၃။ အလွမ်းတွေချိတ်ဆွဲထားတဲ့မိုးတိမ်
၂၄။ မှုကြိုတစ်ဦး၏ ဖာလုဒါအရသာ
၂၅။ လူနောက်
၂၆။ ကတ္တီပါလက်ရေး

**Next Coming**

- ပြယ်လွင်ခဲ့သောအမှတ်တရများ
- လိပ်ပြာထောင်ချောက်

[ ၁ ]

www.burmeseclassic.com

www.burmeseclassic.com

နေရာက ရန်ကုန်မြို့အစွန်အဖျားက ဆင်ခြေဖုံးရပ်ကွက်လေး တစ်ခုပေါ့။ အဲဒီရပ်ကွက်လေးထဲမှာ သူတို့သုံးယောက်နေတဲ့ အိမ်ရှိတယ်။ ရပ်ကွက်ထဲက အိမ်တစ်အိမ်မှာ လူသုံးယောက်နေတာ တကယ်တော့ ဘာမှမဆန်းပါဘူး။

အဲ ... ဆန်းတာက သူတို့အိမ်မှာရှိတဲ့ လူသုံးယောက်ရဲ့ ပတ်သက်ပုံပါပဲ။ သူတို့အိမ်သားတွေထဲမှာ ကျော်စွာစိုးသန်းက အသက်အငယ်ဆုံးပါ။ ပြီးတော့ ဒီကောင်က သူစိမ်း။ ကျန်တဲ့နှစ်ယောက်ကတော့ သားအမိတော်စပ်ကြတယ်။ တစ်ယောက်က ... သူ့ယောက်ဖထူးမောင်၊ နောက်တစ်ယောက်ကတော့ ကျော်စွာရဲ့ ယောက္ခမကြီးဒေါ်ခင်မျိုးဆင့်တဲ့။ မုဆိုးမကြီးပေါ့။ သူမယောကျ်ား ဦးအေးချိုကကွယ်လွန်သွားတာ ကြာပြီ။

အဲဒီလို ယောက်ဖရယ်၊ ယောက္ခမရယ်၊ ဒီကောင်ရယ် ဆိုတူတူ

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



နေကြတဲ့အိမ်ကို တစ်ရပ်ကွက်လုံး သိကြပါတယ်။ ကျော်စွာကိုလည်း အားလုံးက အံ့သြကြတယ် ...။ ယောက်ဖရော၊ ယောက္ခမရော နှစ်ယောက်စလုံးကို တည့်အောင်ပေါင်းပြီး တစ်အိမ်တည်း အတူနေထိုင်ဖို့ဆိုတာ လွယ်တဲ့ကိစ္စမှ မဟုတ်တာ။

ဟုတ်ပြီ ...။ အဲဒီလိုနေကြတဲ့ တချို့လူတွေ ရှိနိုင်ပါတယ်။ ဒါပေမဲ့ ယောက်ဖနဲ့ယောက္ခမနဲ့ ကိုယ်နဲ့ ကြားမှာ သူတို့သမီး၊ သူတို့ညီမ အဲဒါမျိုး တစ်ယောက်လည်း ရှိကြပါလိမ့်မယ်။

အခု ကျော်စွာတို့ကြတော့ အဲဒီလို ကြားခံလူမရှိဘူး။ အဲ ... မရှိတော့ဘူးလို့ပြောရင် ပိုမှန်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျော်စွာ့မိန်းမ၊ လူးမောင်ရဲ့ ညီမ၊ ဒေါ်ခင်မျိုးဆင့်ရဲ့သမီး ခင်စန္ဒာဆင့်လေးဟာ ကျော်စွာနဲ့ လက်ထပ်ပြီး တစ်လလောက်အကြာမှာပဲ အူအတက်ပေါက်တာ ဆေးရုံအရောက်နောက်ကျပြီး ကွယ်လွန်သွားခဲ့လို့ပါပဲ။

ကျော်စွာကလည်း နဂိုတည်းက တစ်ကောင်ကြွက်ဆိုတော့ အဲဒီယောက္ခမအိမ်မှာ သံယောဇဉ်တွယ်ပြီး ဘယ်မှမသွားဘဲ ဆက်နေခဲ့ပါတယ်။ အဲဒီလိုနဲ့ သူတို့အိမ်ဟာ တစ်ရပ်ကွက်လုံးရဲ့ စံပြဂေဟာတစ်ခု ဖြစ်လာပါတော့တယ်။

မှန်တဲ့အတိုင်း ပြောရရင် သူတို့အိမ်သားသုံးယောက်ဟာ ချစ်ချစ်ခင်ခင် ရှိကြတဲ့ မတည့်အတူနေတွေပါပဲ။ ဟုတ်တယ်လေ ...။ ယောက်ဖရယ်၊ ယောက္ခမရယ်၊ သမက်ရယ် ဆိုတာ ကမ္ဘာဦးအစကတည်းက တည့်တယ်လို့မှ မရှိတာ။

သူတို့မှာက သူများတကာထက် ပိုဆိုးတယ်။ အဲဒီအချက်က



တော့ သူတို့သုံးယောက်ကို အခုလို ပတ်သက်ခွင့်ရစေတဲ့ ခင်စန္ဒာဆင့်ဆိုတဲ့ ကောင်မလေး မရှိတော့တာပါ။ ဒါပေမဲ့ သူတို့သုံးယောက်ဟာ ဘယ်သူရှိရှိ မရှိရှိ သူတို့ဘာသာသူတို့ ဆက်ပြီး ပတ်သက်နေကြတာပဲ။ သုံးယောက်စလုံးက လုံးဝ အေးဆေးပဲ။

www.burmeseclassic.com

ကျော်စွာစိုးသန်းဆိုတဲ့ ငတိက ဂျီတီအိုင် GTI ကျောင်းဆင်း။ မော်ဒန်ကဗျာဆိုတာတွေကိုလည်း မတောက်မခေါက် ရေးသေးတယ်။ ဘယ်သူက မြှောက်ပေးလိုက်တယ် မသိဘူး။ သူ့ကိုယ်သူလည်း ကဗျာ အင်ဂျင်နီယာဆိုပြီး ဘဝင်ခပ်မြင့်မြင့်ရယ်။

လက်ရှိအလုပ်အကိုင်က ဆောက်လုပ်ရေးကုမ္ပဏီ တစ်ခုမှာ အငယ်တန်း(လက်ထောက်)အင်ဂျင်နီယာ လုပ်တယ်။ လခစားဆို တော့ ပုံမှန်ဝင်ငွေလေးတော့ ရှိတာပေါ့။ ကျော်စွာ့မိဘတွေက သူ ဂျီတီအိုင်တက်နေတုန်း သာယာဝတီကနေ ရန်ကုန်ကိုအလာမှာ ကား အက်စီးဒင့်ဖြစ်ပြီး နှစ်ယောက်စလုံး ဆုံးသွားကြတာ။

အဲဒီမှာ ကျော်စွာလည်း တစ်ဦးတည်းသောသားဘဝကနေ တစ်ကောင်ကြွက်ဘဝကို တန်းရောက်သွားခဲ့ရပါတယ်။ သူနဲ့ ခင်စန္ဒာ ဆင့်က အဲဒီတုန်းက ဂျီတီအိုင်မှာ ချစ်သူတွေပဲ ရှိသေးတယ်။ ကျော်စွာ့



အတွက် အဲဒီအချိန်တွေမှာ ခင်စန္ဒာဆင့်က တကယ့်အဖော်ကောင်း တစ်ယောက်ပဲ။ ဝမ်းနည်းအားငယ်နေတဲ့ ချစ်သူကို သူမက နှစ်သိမ့် အားပေးတယ်။ အစစအရာရာ ကူညီပေးတယ်။

သူတို့နှစ်ယောက်ရဲ့ သံယောဇဉ်တွယ်ငြိမှုဟာ တစ်နေ့တခြား ခိုင်မြဲလာခဲ့တယ်။ ဒါနဲ့ ကျောင်းပြီးသွားတော့ သူမရဲ့အမေနဲ့အစ်ကို ကို ဖွင့်ပြောပြီး လက်ထပ်လိုက်ကြပါတယ်။ လက်ထပ်လိုက်တာ ဘာ မှ မကြာသေးဘူး။ သူမကပါ ကျော်စွာ့ကို ခွဲခွာသွားတော့ သူ့ခမျာ အပူပေါ် အပူဆင့်ပေါ့။

စိတ်ညစ်တော့ သူလည်း အရက်သောက်မိတယ်။ အဲဒီမှာ ... ကျော်စွာရဲ့ဒုက္ခတွေ၊ ပရိဒေဝအပူမီးတွေကို စာနာတဲ့အနေနဲ့ ယောက်ဖ ဖြစ်သူ ထူးမောင်ကပါ သူနဲ့အတူ အရက်လိုက်သောက်ပါတော့တယ်။ ဟုတ်တာပေါ့ ... ။ ထူးမောင်ကိုယ်တိုင်ကလည်း သူ့ညီမအရင်းခေါက် ခေါက်ကြီးတစ်ယောက်လုံး ဆုံးရှုံးထားတာ မဟုတ်လား။

ပထမတော့ ယောက္ခမကြီး ဒေါ်ခင်မျိုးဆင့်က သားနဲ့ သမက် နဲ့ အရက်အတူတူသောက်ပြီး ပြန်လာတာကို သူတို့လေးတွေ ပူဆွေး ဝမ်းနည်းနေလို့ပဲလေဆိုပြီး ဘာမှအပြစ်မပြောရှာပါဘူး။ ဒါပေမဲ့ သူတို့ သမီးယောက်ဖနှစ်ယောက်ရဲ့ ပူဆွေးဝမ်းနည်းမှုတွေက ဘီအီး (BE)ကို ဆိုင်မှာ ... သုံးလအတွင်း တစ်သိန်းဖိုးလောက် အကြွေးတင်အောင် သောက်တာဆိုတော့ အဘွားကြီးလည်း သည်းမခံနိုင်တော့ဘူးပေါ့။ အဲဒီအကြွေးတွေက သူ ဆပ်ရမှာကိုး ... ။

အဘွားကြီးရဲ့ သားတော်မောင် ထူးမောင်အကြောင်းလည်း

www.burmeseclassic.com

www.burmeseclassic.com



ပြောပြရဦးမယ်။ ထူးမောင်ရဲ့ ပညာအရည်အချင်းက သင်္ချာအခေါက်ကနဲ့ အဝေးသင်တက္ကသိုလ်တက်နေတာ ရှစ်နှစ်ရှိပြီ။ အခုထိတော့ ဘွဲ့မရ သေးဘူး။ သင်္ချာသမားဆိုတော့ သိတဲ့အတိုင်းပဲ ကိန်းဂဏန်းတွေကို ပိုင်နိုင်ကျွမ်းကျင်တယ်။

သူက ပညာအားကိုးနဲ့ ဖဲရိုက်တယ်။ နှစ်လုံး၊ သုံးလုံး တွက် တယ်။ အိမ်မယ် ... အထင်မသေးနဲ့။ ထူးမောင်က ရပ်ကွက်ထဲမှာ အတန်အသင့် အလုပ်ဖြစ်တယ်။ ထူးမောင်နံပါတ်ဆိုရင် ဘယ်သူမှ မပစ်ပယ်ရဲဘူး။ သူ့နေရာနဲ့သူတော့ အစွမ်းထက်တယ် ပြောရမှာပဲ။

အဘွားကြီး ဒေါ်ခင်မျိုးဆင့်က ရပ်ကွက်ထဲမှာ နားလည်မှုနဲ့ ငွေတိုးချေးစားတယ်။ ဒီတော့ လက်လုပ်လက်စားတွေများတဲ့ သူတို့ ရပ်ကွက်ထဲမှာ ဒေါ်ခင်မျိုးဆင့်က သူဌေးပေါ့။ အဲဒီအလုပ်က အိုတော့ တော့ သူတို့တစ်အိမ်သားလုံး စားဝတ်နေရေး အဆင်ပြေပါတယ်။ ဒါ ကလည်း သွားလေသူ ဦးအေးချို ရှာဖွေစုဆောင်းထားတဲ့ အရင်းအနှီး တွေကြောင့်ပါ။ ဦးအေးချို အမြော်အမြင်ကြီးခဲ့လို့ သူတို့တွေ အခုချိန် ထိ မပူမပင် နေနိုင်ကြတာ မဟုတ်လား။

ဒါကြောင့်လည်း ... ဒေါ်ခင်မျိုးဆင့်တစ်ယောက် အခက်အခဲ တစ်ခုခုကို ရင်ဆိုင်ရပြီဆိုတာနဲ့ မရှိတော့တဲ့ သူ့ယောက်ျား ဦးအေးချို ကို တမ်းတတိုင်တည်ပြီး ညည်းကွားတတ်တာ ဖြစ်ပါလိမ့်မယ် ...။ သမက်ကတစ်မျိုး၊ သားကတစ်မျိုး သူတို့နှစ်ယောက်ပေါင်းပြီး တစ်မျိုး နဲ့ ဒေါ်ခင်မျိုးဆင့်ခမျာ အရပ်ထဲမှာ အမျိုးမျိုးကို လိုက်ရှင်းနေရှာပါ တယ်။



ပြီးတော့ ဒီရပ်ကွက်ထဲမှာ လူအများစုက ဒေါ်ခင်မျိုးဆင့်နဲ့ မကင်းနိုင်တော့ သူတို့သမီးယောက်ဖနှစ်ယောက်ဒဏ်ကို တတ်နိုင်သမျှ သည်းခံကြတာပါပဲ။ ဘယ်လိုမှ သည်းမခံနိုင်တော့တဲ့အဆုံးကျမှသာ ပြဿနာတက်ကုန်ကြတာ။

နှစ်ယောက်နဲ့အများ မကြာခဏ ပြဿနာဖြစ်ပေမဲ့ အဘွားကြီး ဒေါ်ခင်မျိုးဆင့်က အမြဲ သူ့မသားနဲ့ သမက်ဘက်ကပဲ။ ဒါပေမဲ့ တစ်ရက် မှာ အဲဒီသူမရဲ့ သားနဲ့ သမက်ကို သွေးခွဲမဲ့ကောင်မလေးတစ်ယောက် သူတို့ရပ်ကွက်ထဲကို ပြောင်းရွှေ့ရောက်ရှိလာပါတော့တယ်။

အဲဒီကောင်မလေးရဲ့ နာမည်က ... ။

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

"ဘာ … ဘာ … ဒုသူ့နာမည်က ဘုတ်ဘုတ် ဟုတ်လား … "

"အေး ဟုတ်တယ်၊ ဒါပေမဲ့ အဲဒီနာမည်က အိမ်နာမည်ပါ၊ မှတ်ပုံတင်ထဲက နာမည်ကတော့ … "

"ဘာတဲ့လဲ ထူးမောင်ရ … "

"အဟီး … ငါလည်း မသိဘူး … "

"ဟာကွာ … ဒါနဲ့များ သိသလို ဘာလိုလိုနဲ့ စဉ်းစားနေသေးတယ် … "

"ဩော် … ဒါကတော့ ဘုတ်ဘုတ်ရဲ့ မှတ်ပုံတင်ကို ငါမှ မမြင်ဖူးတာကွ … "

ကျော်စွာက ထူးမောင်ကို ပါးစပ်လှုပ်ရုံလေး ကြိတ်ပြီး ဆဲလိုက်ပါတယ်။ ဒါလောက်တော့ ထူးမောင်က ဘယ်ဖြိုပါ့မလဲ။ ရယ်ကျဲကျဲလုပ်ပြီး သူက စိတ်တိုနေတဲ့ ယောက်ဖကိုတောင် ပြန်ကလိနေလိုက်

www.burmeseclassic.com

www.burmeseclassic.com



သေးတယ်။ ဒါပေမဲ့ ထူးမောင်က ခဏနေတော့ တစ်ခုခုကို စဉ်းစားမိသွားဟန်တူပါတယ်။ ရုပ်က ချက်ချင်း ပြန်တည်သွားပြီး ကျော်စွာ့ကို သေချာစိုက်ကြည့်တယ်။

"နေ<ins>ဦး</ins>ပါဦး ကျော်စွာရ ... မင်းက ဘုတ်ဘုတ်ရဲ့ နာမည်ရင်းကို ဘာလို့ ဒီလောက်တောင် စိတ်ဝင်စားနေရတာလဲ ..."

"ဪ ... မဟုတ်ပါဘူး၊ သူ့လို လှလှပပကောင်မလေးတစ်ယောက်မှာ ဘုတ်ဘုတ်အပြင် တခြားနာမည်လှလှလေးတစ်ခုလောက် ရှိဦးမယ်ထင်လို့ပါ ... နေပါဦး ... မင်းကျတော့ရော ..."

"ငါကလား ... ငါက စိတ်ဝင်စားနေတာပေါ့ကွ၊ ရှင်းရှင်းလေးပဲ ဥစ္စာ ..."

ထူးမောင်က ပွင့်ပွင့်လင်းလင်းပဲ သူ့ကို ဝန်ခံလိုက်ပါတယ်။ ကျော်စွာလည်း ထူးမောင်စကားကိုကြားတော့ စိတ်ညစ်သွားတာပေါ့။

ဟုတ်တယ်လေ။ အဲဒီကောင်မလေးကို ကျော်စွာလည်း ကြွေလို့ လိုက်ကြည့်နေတာ သုံးရက်တောင်ရှိနေပြီ။ အခု သူမကို ထူးမောင်ကပါ စိတ်ဝင်စားနေတယ်တဲ့။ ဒါမှ အခက်ပဲ။ ဘာပဲပြောပြော သူက မှဆိုးဖို ...။ ထူးမောင်က လူပျို။ ပြီးတော့ ခင်စန္ဒာဆင့် ကွယ်လွန်သွားတာ တစ်နှစ်တောင် မပြည့်သေးဘူး။ ဒီလိုကိစ္စမျိုးမှာ ယောက်ဖနဲ့ လာပြီး ပြိုင်ဘက်ဖြစ်ရတာ တော်တော်လေး ဂွမ်းတယ်။

ကျော်စွာတစ်ယောက် ... ခေါင်းတခါခါ သက်ပြင်းတချချနဲ့ အကြီးအကျယ် စိတ်ညစ်နေရှာပါတယ်။ သူက ထူးမောင်ကို ပြောလိုက်တယ်။



"လာကွာ ... ထူးမောင်၊ ငါ စိတ်ညစ်တယ် ... အရက်သွားသောက်ရအောင်"

ဟိုကလည်း နှစ်ခါမခေါ်ရပါဘူး။

"အေး ..." တဲ့။

အဲဒါနဲ့ သူတို့နှစ်ယောက်သား နေ့လယ်ကြောင်တောင်ကြီး အရက်ဆိုင်ကို ရောက်သွားပါတော့တယ်။ တကယ်ဆို ကျော်စွာ စိတ်ညစ်တဲ့ကိစ္စနဲ့ ဒီအရက်ဆိုင်နဲ့က သိပ်မဆိုင်သလိုပဲနော်။

ဒါပေမဲ့ ... ဘာပဲဖြစ်ဖြစ် ဒီဆိုင်ကိုရောက်လာမှတော့ အရက်သောက်ရတော့မှာပေါ့။ အမှန်တော့ သူတို့သမီးယောက်ဖနှစ်ယောက်ဟာ ခင်စန္ဒာဆင့် ဆုံးပြီးကတည်းက မရွေးငါးပါးနဲ့ နေ့တိုင်းအရက်သောက်လာကြတာပါ။

မရွေးငါးပါးဆိုတာက နံပါတ်(တစ်) အရက်သောက်ဖို့ အချိန်မရွေးဘူး။ နံပါတ်(နှစ်) နေရာမရွေးဘူး။ နံပါတ်(သုံး) သောက်ဖော်သောက်ဖက် မရွေးဘူး။ နံပါတ်(လေး) အမြည်းမရွေးဘူး။ နံပါတ်(ငါး) အရက်အမျိုးအစားမရွေးဘူး။ အဲဒီလို မရွေးငါးပါးနဲ့ သောက်ကြတာဟိုတစ်ခါက ဘီအီး (BE) ဆိုင်မှာ အရက်ဖိုး တစ်သိန်းနီးပါး အကြွေးတင်နေလို့ ယောက္ခမကြီးက လိုက်ရှင်းပေးခဲ့ရပြီးပြီ။ ဒါပေမဲ့ အခုဟာက ကျော်စွာ ရှင်းရမှာပါ။ သူ တိုက်မယ်ဆိုပြီး ခေါ်လာတာကိုး။

ကျော်စွာက အ[illegible]က်ကို ငုံ့လိုက်ရင်း ပြောပါတယ်။

"ချကွာ ... ထူးမောင်၊ ငါ မနေ့ကပဲ လစာထုတ်ထားတာ၊ ချသာချ ..."

www.burmeseclassic.com

www.burmeseclassic.com



ထူးမောင်က မသောက်သေးဘဲ အရက်ခွက်ကို ကိုင်ထားရင်း သူ့ကို ပြန်မေးခွန်းထုတ်ပါတယ်။

"မင်းက ဘာတွေဖြစ်နေတာလဲ ... မျက်နှာကလည်း သုန်မှုန်နေတာပဲ ... "

"စိတ်ညစ်လို့ပါဆိုမှကွာ ... မင်းကလည်း သောက်စရာရှိတာကို သောက်တာမဟုတ်ဘူး ... "

"ယောက်ဖကလည်း စိတ်ချည်းပဲ ... ပြေးကြည့်မှ ဒီနှစ်ယောက်တည်းရှိတဲ့ဥစ္စာ ... မင်း ငါ့ကို မပြောလို့ ဘယ်သူ့သွားပြောမလဲ"

ထူးမောင်က ကျော်စွာကို သူ စိတ်ပါလက်ပါရှိတဲ့ တစ်ရံတစ်ခါတွေမှာ အခုလို 'ယောက်ဖ'လို့ နွေးနွေးထွေးထွေးခေါ်တတ်ပါတယ်။ ကျော်စွာက ထူးမောင်ရဲ့ စကားကို ဘာမှမတုံ့ပြန်ဘဲ အရက်တစ်ခွက်ကို ငွပ်ခနဲ မော့ချလိုက်တယ်။

ပြီးမှ အရက်ကပဲ ခါးသလို၊ ထူးမောင်ရဲ့ စကားကိုပဲ ငြင်းသံနဲ့ ခေါင်းကို သုံးလေးချက်လောက် ဆက်တိုက်ခါရမ်းနေပြန်တယ်။

"ပြောစရာရှိတာသာ ပြောစမ်းပါ ကျော်စွာရာ ... "

"အေး ... ဒါဆို ငါ ပြောပြမယ် ... ဒါပေမဲ့ အဲဒီကိစ္စမှာ မင်း ငါ့ကို လိုက်မညစ်ပါဘူးဆိုတဲ့ ကတိပေးရလိမ့်မယ် ... ဘယ်လိုလဲ"

ကျော်စွာ့စကားအဆုံးမှာ သူတို့နှစ်ယောက် အကြည့်ချင်းဆုံသွားကြပါတယ်။ ထူးမောင်ရဲ့မျက်လုံးမှာ အရောင်တချို့ ဖြတ်ပြေးသွားတာ တွေ့ရတယ်။



"ကောင်းပြီလေ ... ငါ ဂတိပေးတယ် ကျော်စွာ ... မင်းကို ငါ လုံးဝလိုက်မညစ်ဘူး"

"တကယ်နော် ... "

"တကယ်ကွာ ... ယောက်ျားစကား ဟုတ်ပြီလား ... "

"အေး ... အဲဒါဆို ငါ စိတ်ညစ်နေရတဲ့အကြောင်းအရင်းကို ပြောပြမယ် ... "

"ပြော ... "

"ဒီလိုကွ ... ပြီးခဲ့တဲ့ တစ်ပတ်လောက်က ငါတို့ရပ်ကွက်ထဲကို ပြောင်းလာတဲ့ ဘုတ်ဘုတ်ဆိုတဲ့ ကောင်မလေးကို မင်းလိုပဲ ငါလည်း ကြိုက်တယ် ထူးမောင် ... ဒီတော့ မင်းနဲ့ငါက အလိုလိုနေရင်း ပြိုင်ဘက်တွေ ဖြစ်သွားပြီ ... ငါက မှဆိုးဖိုဆိုတော့ အားနည်းချက်ရှိတယ်ပေါ့ကွာ ... အဓိက ငါ စိတ်ညစ်နေတာ အဲဒါကြောင့်ပဲ ထူးမောင် ... "

ထူးမောင်ရဲ့ နှုတ်ခမ်းလေးတွေက သရော်သလို တွန့်ကွေးသွားပါတယ်။

"ထင်တော့ ထင်သားပဲ ... "

"နှလုံးသားက အရမ်းတောင်းဆိုနေလို့ပါကွာ ... "

"အေးပါ ... ဟုတ်ပါပြီ၊ ထားလိုက်ပါတော့ ... မင်းကို ငါ မညစ်ဘူး ... ငါ့ကိုလည်း မင်း မညစ်နဲ့ ... ဒါနဲ့ မင်းက ဘုတ်ဘုတ်ကို ကြိုးစားနေတာ ဘယ်အဆင့်လောက် ရောက်နေပြီလဲ ... "

"ဘယ်အဆင့်မှ မရောက်သေးဘူး ... သူ လမ်းထိပ်ကိုထွက်

www.burmeseclassic.com

www.burmeseclassic.com



လှာရင် လိုက်ကြည့်တဲ့အဆင့်ပဲ ရှိသေးတယ်၊ ဘုတ်ဘုတ်ဆိုတဲ့ နာမည် တောင် မင်းပြောပြလို့ သိတာ ... ”

“ဟုတ်လား ... ဒါဆို မင်းနဲ့ ငါနဲ့ အဆင့်အတူတူပဲ ... ငါလည်း သူ့အကြောင်းဆိုလို့ အဲဒီ ဘုတ်ဘုတ်နာမည်တစ်ခုပဲ သိတာကွ ... ”

သူတို့နှစ်ယောက် တစ်ယောက်မျက်လုံးတွေကို တစ်ယောက် ဖောက်ထွင်းလို့ ကြည့်နေကြပြန်တယ်။ အံ့ဩစရာတစ်ခုက အဲဒီနေ့ မှာ သူတို့နှစ်ယောက်စလုံး အရက်ကို မူးအောင်မသောက်ကြတာပဲ။

တစ်ယောက်ကိုတစ်ယောက် မညစ်ဘူးဆိုတဲ့ကတိ ပေးလိုက် တဲ့နေ့ကစပြီး သူတို့ဟာ တစ်ယောက်ကိုတစ်ယောက် စနည်းပတ်ပြီး ကြိုးစားကြတော့တာပါပဲ။ ဒါတွေကို အဘွားကြီး ဒေါ်ခင်မျိုးဆင့်က တော့ မသိဘူးပေါ့လေ ... သူတို့ကလည်း ကိုယ့်လျှို့ဝှက်ချက်နဲ့ ကိုယ် ဆိုတော့ အဘွားကြီးကို ဘာမှ မပြောပြကြပါဘူး။

လူနှစ်ယောက် သိနေတဲ့ကိစ္စတစ်ခုဟာ ... လျှို့ဝှက်ချက်လို့ မခေါ်နိုင်တော့ဘူး မဟုတ်လား။

[ ၃ ]

www.burmeseclassic.com

www.burmeseclassic.com

အခုဆိုရင် 'ဘုတ်ဘုတ်'ရဲ့အကြောင်းတွေကို ကျော်စွာစိုးသန်းနဲ့ ထူးမောင်တို့သာမကဘဲ သူတို့ရပ်ကွက်မှာရှိတဲ့ ကာလသားတွေအားလုံးပါ သိကုန်ကြပါပြီ။ ဘာဖြစ်လို့လဲဆိုတော့ ဘုတ်ဘုတ်လေးရဲ့ အလှဟာ သူတို့ရပ်ကွက်ထဲမှာ ထင်းနေတာကိုး။

ဘုတ်ဘုတ်လေးရဲ့ နာမည်ရင်းက 'သီရိ'တဲ့။ ကွန်ပျူတာတက္ကသိုလ်မှာ ဒုတိယနှစ်ကျောင်းသူပေါ့။ သူ့မအဖေက သင်္ဘောအရာရှိဆိုတော့ ရေထဲမှာနေတာများတယ်။ ဘုတ်ဘုတ်တို့က အစက မြို့ထဲဘက်မှာ တိုက်ခန်းနဲ့ နေတယ်။ အခုမှ သူတို့ရပ်ကွက်ထဲမှာ သီးသန့်ခြံဝင်းပါတဲ့ တစ်ထပ်တိုက်လေးကို ဝယ်ပြီး ပြောင်းလာကြတာပါ။ ဒီရပ်ကွက်မှာ ... ဘုတ်ဘုတ်အတွက် ကျောင်းသွားကျောင်းပြန် မိန်းကလေးသူငယ်ချင်းအဖော်ကတော့ စန်းမွန်အောင် ဆိုတဲ့ ဆေးသောက်ဗူးလိုလို မိန်းမလိုလို ကောင်မလေးပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



ကြည့်လေ ...။ လူတင်မဟုတ်ဘူး။ စန်းမွန်အောင်ဆိုတဲ့ နာမည်ကပါ ယောကျ်ားနာမည်လိုလို မိန်းမနာမည်လိုလို ဖြစ်နေတာ။

ဘုတ်ဘုတ်(ခေါ်) သီရိကို လိုက်တဲ့ မည်သူမဆို ပထမဦးဆုံး စန်းမွန်အောင်နဲ့ အဆင်ပြေဖို့ လိုပါတယ်။ ဒီတော့ စန်းမွန်အောင်က ဘုတ်ဘုတ်အရောင်နဲ့ ... အဲ မဟုတ်ပါဘူး၊ စိန်နားကပ်အရောင်နဲ့ ဝင်း ပြောင်နေတာပေါ့။

ဒီတော့ ဘုတ်ဘုတ်လေးကို လိုက်နေတဲ့ ကျော်စွာနဲ့ ထူးမောင် တို့ သမီးယောက်ဖနှစ်ယောက်ဟာလည်း စန်းမွန်အောင်ကို မလွဲမသွေ ဖြတ်သန်းကြရပါတယ်။ စန်းမွန်အောင်ဟာ ယောကျ်ားလျာလိုလို ဘာလိုလို လုပ်နေပေမဲ့ တကယ့်လူက မိန်းမဆိုတော့ ကျော်စွာတို့ လာဘ်ထိုးတဲ့ မိန်းကလေး အသုံးအဆောင်ပစ္စည်းတွေကို အားရ ဝမ်းသာ လက်ခံတာပေါ့။ အပြန်အလှန်အနေနဲ့ စန်းမွန်အောင်ကလည်း ဘုတ်ဘုတ်ကို စာပေး,ပေးတာတို့၊ ကွန်ပျူတာတက္ကသိုလ်ကို လာ လည်ခွင့်ပေးတာတို့ လုပ်ပေးရှာပါတယ်။

ဘုတ်ဘုတ်ကို လိုက်သမျှ ချာတိတ်တွေအားလုံးထဲမှာ သူတို့ သမီးယောက်ဖနှစ်ယောက်က အသက်အကြီးဆုံး အရူးအပေါဆုံးပါပဲ။ ထူးမောင်ဆိုတဲ့ ကောင်က တစ်ပတ်မှာ နှစ်ရက်တက်ရတဲ့ သူ့ရဲ့ အဆောင် သင် သင်္ချာကိုသာ သွားမတက်တာ ...။ ဘုတ်ဘုတ်တို့ ကွန်ပျူတာ တက္ကသိုလ်ကိုတော့ နေ့တိုင်းနီးပါး လာတယ်။

ကျော်စွာက အလုပ်ရှိတော့ ထူးမောင်လို အချိန်မပေးနိုင်ဘူး ပြီးတော့ ထူးမောင်က ... စန်းမွန်အောင်ကနေတစ်ဆင့် ကျော်စွာ



မကောင်းကြောင်းတွေကို ဘုတ်ဘုတ်နားထဲရောက်အောင် ပို့ပြီးသား။ မူးဆိုးဖိုဖြစ်တာ၊ သူ့ညီမအပေါ် သစ္စာမရှိတာ၊ အရှုပ်အရှင်းများတာ အစရှိသဖြင့် ဟုတ်တာရော မဟုတ်တာတွေရော အကုန်ပြောထား တာ။ မညစ်ဘူးဆိုတဲ့ ကတိစကားမျိုး သူ လုံးဝမပြောခဲ့ဖူးသလိုပဲ။

ဒီတော့ လတ်တလော အခြေအနေမှာ ထူးမောင်က ကျော်စွာ့ထက် နှာတစ်ဖျား ပိုသာနေတာပေါ့။ အခုချိန်ထိတော့ ကျော်စွာက ထူးမောင်ကို တစ်ကွက်မှ ပြန်မညစ်သေးပါဘူး။ သူ ကတိပေးထားလို့ တည်အောင်နေတာလို့ သွားအထင်မကြီးလိုက်နဲ့။ လုံးဝ မှားသွားမယ်။

ထူးမောင်ကို ... သူ ပြန်မညစ်ရသေးတဲ့ အဓိကအကြောင်းက တော့ ရှင်းရှင်းလေးပါပဲ။ ညစ်စရာအကွက် ရှာမတွေ့သေးလို့ပါ။ သူ့ကို ထူးမောင် ညစ်ထားပြီဆိုတာလည်း ကျော်စွာက ရိပ်မိပါတယ်။ ဘုတ် ဘုတ်လေးရဲ့ သူ့အပေါ် တုံ့ပြန်ဆက်ဆံပုံတွေ ကြည့်ရင် သိတာပေါ့။ စန်းမွန်အောင်ကလည်း ထူးမောင်ရဲ့လူ ဖြစ်နေပြီ။

ဒါပေမဲ့ လူ့လောကကြီးထဲမှာ ကံကြမ္မာအချိုးအကွေ့ဆိုတာ ရှိပါတယ်။ အဲဒီ ကံကြမ္မာအချိုးအကွေ့ဟာ သိပ်မကြာခင်မှာပဲ ကျော် စွာစိုးသန်းဆိုတဲ့ မူးဆိုးဖို အရက်သမားလေးရဲ့ အလှည့်ကို ရောက်ရှိ လာခဲ့ပါတယ်။

* * *

www.burmeseclassic.com

www.burmeseclassic.com



သူတို့ရပ်ကွက်မှာ ကိုသန်းအောင်ဆိုတဲ့ ဘဲကြီးကို ကာလသား ခေါင်းဆောင်အဖြစ် တညီတညွတ်တည်း တင်မြှောက်ထားကြတယ်။ ကိုသန်းအောင်ကြီးက စိတ်ရင်းကောင်းတယ်။ ရိုးဂုဏ်ရှိပြီး ကူညီတတ်တယ်။ တာဝန်ယူရဲတဲ့စိတ်လည်း ရှိတယ်။ လူနောက်လူပြောင်လူပျော်ကြီး။

ကိုသန်းအောင်က စာပေဗဟုသုတ လိုက်စားတော့ ကျော်စွာ စိုးသန်းဆိုတဲ့ ကဗျာဆရာကို အနည်းငယ် လေးစားတဲ့သဘော ရှိတယ်။ တစ်နေ့ကျတော့ ဘုတ်ဘုတ်တို့ အဘိုးဆုံးတာ သုံးနှစ်ပြည့်တဲ့ အထိမ်းအမှတ်နဲ့ သူမတို့အိမ်မှာ မုန့်ဟင်းခါးချက်ပြီး တစ်ရပ်ကွက်လုံး ကို ဖိတ်ကျွေးဖို့ ဖြစ်လာတယ်။ အဲဒီတော့ မုန့်ဟင်းခါးချက်တဲ့ကိစ္စကို ကိုသန်းအောင်က စီစဉ်ရတယ်။

ဘုတ်ဘုတ်တို့အိမ်ဆိုတော့ သိတဲ့အတိုင်းပဲ။ အလှူမှာ ဝိုင်း ကူညီချင်တဲ့ ကာလသားတွေဆိုတာ သူမတို့ ခြံဝင်းလေးထဲမှာ ညဦး ပိုင်းလောက်ကတည်းက တရုန်းရုန်းနဲ့ပေါ့။ ဘုတ်ဘုတ်ကို ညဘက်မှာ အနီးကပ်တွေ့ရမဲ့ အခွင့်အရေးဆိုတော့ ကျော်စွာနဲ့ ထူးမောင်တို့နှစ် ယောက်လည်း ရောက်လာကြပါတယ်။

အဲဒီမှာ ကိုသန်းအောင်ကြီးက ကျော်စွာကို အရေးတယူလုပ် ပြီး ပြောဆိုဆက်ဆံနေတာ ဘုတ်ဘုတ် သတိထားမိတယ်။ ကိုသန်း အောင်က လွှန်ခဲ့တဲ့ သုံးရက်လောက်ကတည်းက အလှူအတွက် အိမ် ကို ဝင်ထွက်စီစဉ်နေတာဆိုတော့ ဘုတ်ဘုတ်နဲ့ ရင်းနှီးပြီးသား။

သူမတို့အမေကအစ ကိုသန်းအောင်ကို ခင်ခင်မင်မင်လေး လေးစားစား ရှိကြတယ်။ ဘုတ်ဘုတ်ကိုယ်တိုင်ကလည်း စာပေကို ဝါသနာပါတော့ ကိုသန်းအောင်နဲ့ စကားပြောရတာ အဆင်ပြေတယ်။ ပျော်ပျော်နေတတ်တဲ့ ကိုသန်းအောင်ကြီးကို ဘုတ်ဘုတ် ခင်သွား တယ်။ အခုတော့ အဲဒီ ကိုသန်းအောင်က ဘုတ်ဘုတ် လုံးဝကြည့်မရ တဲ့ ကျော်စွာဆိုတဲ့ မုဆိုးဖိုကြီးကို ရိုရိုသေသေနဲ့ စကားတွေ ဖောင်ဖွဲ့ နေလိုက်တာ ... ။

ဒါနဲ့ ဘုတ်ဘုတ်လည်း သူတို့နားကို မယောင်မလည် သွားပြီး စပ်စုကြည့်မိတယ်။ အဲဒီမှာ ကိုသန်းအောင်က သူမကို လှမ်းခေါ်တယ်။

"ဟေ့ ... ဘုတ်ဘုတ် ညီမလေး ... လာပါဦးကွ"

ဘုတ်ဘုတ်လည်း မကောင်းတတ်တာနဲ့ သူတို့ဆီ သွားလိုက် ရတယ်။ ကိုသန်းအောင်ကြီးက သူမကို ကျော်စွာနဲ့ မသိဘူးထင်ပြီး မိတ်ဆက်ပေးတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ဘုတ်ဘုတ် ဒါ ... ကဗျာဆရာ ကျော်စွာစိုးသန်းတဲ့ ... ကိုကျော်စွာ ... ဒါကတော့ ဒီအိမ်ရဲ့ ဘုရင်မကြီးပဲ ... ဘုတ်ဘုတ်တဲ့"

သူမရဲ့ မျက်လုံးလေးတွေဆိုတာ ချက်ချင်း ဝိုင်းစက်လို့ သွားပါတယ်။ ကျော်စွာစိုးသန်းဆိုတဲ့ လူရဲ့ ကဗျာတွေကို သူမ သိပ်အများကြီး မဖတ်ဖူးပါဘူး။ နှစ်ပုဒ်ပဲ ဖတ်ဖူးတာ။ အဲဒီနှစ်ပုဒ်စလုံးလည်း ဘုတ်ဘုတ် အရမ်းကြိုက်တယ်။ ကူးတောင် ကူးထားလိုက်သေးတယ်။ သူမ မဂ္ဂဇင်းဖတ်တိုင်းလည်း ကျော်စွာစိုးသန်းရဲ့ ကဗျာတွေကို ရှာဖတ်တာပဲ။ ဒါပေမဲ့ သူ့ကဗျာတွေ လုံးဝထပ်မတွေ့တော့ဘူး။

အဲ ... အခု တွေ့မဲ့တွေ့တော့လည်း ... သူမရှေ့မှာ လူတစ်ယောက်လုံးကြီး ရပ်နေတာ။ ဘုတ်ဘုတ်ခမျာ ပျော်လွန်းလို့ ဘယ်ကဘယ်လို စကားစပြောရမှန်းတောင် မသိဘူး။ ကျော်စွာကတော့ သူ့ရဲ့ကဗျာဆရာဘဝကို အခုလို အားလျော့စကား ဆိုပါတယ်။

"ကျွန်တော့်လို မထင်မရှား လူတစ်ယောက်ကို သူ ဘယ်သိပါ့မလဲ ကိုသန်းအောင်ကြီးရဲ့ ... "

ကိုသန်းအောင်ဆီက စကားပြန်မလာခင် သူမရဲ့ ရန်တွေ့သံက ဦးအောင်ရောက်လာပါတယ်။

"အောင်မယ် ... လူကိုများ၊ အထင်သေးလိုက်တာ ... ဘုတ်ဘုတ်က ကိုကျော်စွာ့ကဗျာတွေကို ဖတ်ဖူးပါတယ် ... "

"ဟုတ်လား ... "

"ဟုတ်တယ်၊ တိတိကျကျပြောရမယ်ဆိုရင် ... ဘုတ်ဘုတ်က ကိုကျော်စွာကဗျာကို နှစ်ပုဒ်ပဲ ဖတ်ဖူးတာ ... တစ်ပုဒ်က 'တုန်ခါခြင်း' တဲ့ ... နောက်တစ်ပုဒ်ကတော့ 'အပျော်သဘော' တဲ့ ... ဘုတ်ဘုတ်ပြောတာ ကိုကျော်စွာ့ကဗျာတွေ ဟုတ်ရဲ့လား ... "



သူမဆီက မမျှော်လင့်ထားတာတွေ ကြားရတော့ ကျော်စွာ နည်းနည်း ဖျားချင်သလိုတောင် ဖြစ်သွားတယ် ... ။ ဘုတ်ဘုတ်က တကယ်ပဲ သူ့ကဗျာတွေကို သိနေပြီး ... အဲဒီကဗျာနှစ်ပုဒ်ကလည်း မဂ္ဂဇင်းမှာ သူ နောက်ဆုံးပါခဲ့တဲ့ ကဗျာတွေပါ။

"ဟုတ်ပါတယ် ... ကျွန်တော့်ကဗျာတွေပါ ... "

ဘုတ်ဘုတ်က သူ့ကို မေးပြန်တယ်။

"အခုနောက်ပိုင်း ကိုကျော်စွာ့ကဗျာတွေကို မဂ္ဂဇင်းတွေမှာ ရှာကြည့်သေးတယ် ... ဒါပေမဲ့ လုံးဝမတွေ့ဘူး ... ကိုကျော်စွာ ကဗျာမရေးဖြစ်လို့လား ... ဒါမှမဟုတ် အယ်ဒီတာက မရွေးတာလား"

"ကျွန်တော် ကဗျာမရေးဖြစ်တာပါ ... "

"ကိုကျော်စွာဆီမှာ ရေးပြီးသား ဒါမှမဟုတ် ပုံနှိပ်ပြီးသား ကဗျာ ဘယ်နှစ်ပုဒ်လောက် ရှိလဲဟင် ... "

ဘုတ်ဘုတ်ရဲ့ မေးခွန်းကြောင့် သူ ခဏစဉ်းစားသွားပါတယ်။ ခဏကြာမှ ...

"ရေးပြီးသားကတော့ အပုဒ်ငါးဆယ်လောက်ရှိမယ် ... ပုံနှိပ်ပြီးသားကတော့ အပုဒ်နှစ်ဆယ်လောက် ရှိမယ် ... ဘာဖြစ်လို့လဲ"

"သြော် ... ဘုတ်ဘုတ် ဖတ်ချင်လို့ပါ ... ကိုကျော်စွာကရော ပေးဖတ်ချင်ရဲ့လားဟင် ... "

"ရပါတယ် ... ကျွန်တော် ပေးဖတ်ပါ့မယ် ... "

www.burmeseclassic.com

www.burmeseclassic.com

သူတို့နှစ်ယောက် လေပေးဖြောင့်နေတာကို ကိုသန်းအောင်က ဘေးကနေ ပြုံးပြုံးကြီး ကြည့်နေတယ်။ မလှမ်းမကမ်းမှာ သူတို့ကို အကဲခတ်နေတဲ့ ယောက်ဖဟောင်းကြီး ထူးမောင်ကတော့ မျက်စိမျက်နှာကိုပျက်လို့။

အင်း ... လူတွေ လူတွေများ ...

ခက်ပုံကို ပြောပါတယ်။

[ ၄ ]

www.burmeseclassic.com

www.burmeseclassic.com

အခုတော့ ကျော်စွာက ထူးမောင်လို ညစ်စရာမလိုဘဲ ဘုတ်ဘုတ်နဲ့ ပတ်သက်လို့ အသာစီးရသွားပါပြီ။ သူနဲ့ ဘုတ်ဘုတ်ကြားမှာ မှုဆိုးဖိုဆိုတာ ပြောပလောက်တဲ့ အားနည်းချက် မဟုတ်တော့ဘူး။

ထူးမောင်ဆိုတာ အရှူးမီးဝိုင်းသလို ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိအောင် ဖြစ်နေရှာတယ်။ သူ့ရဲ့ အောင်သွယ်တော်ကြီး စန်းမွန်အောင်လည်း ကြံရာမရဘူး ထင်ပါရဲ့ ... ။ ဘုတ်ဘုတ်ကိုယ်တိုင်က ကျော်စွာ့ကို လိုလိုလားလား ဖြစ်နေတော့ ကြားလူတွေက ဘာတတ်နိုင်မှာလဲ။

ကျော်စွာကို ဘုတ်ဘုတ်လေး ချက်ချင်းလက်ငင်းကြီး ကြည်ဖြူသွားရတဲ့အကြောင်းအရင်းကို ထူးမောင်က သိချင်တယ်။ ဒါနဲ့ သူက စန်းမွန်အောင်ကို စုံစမ်းခိုင်းလိုက်တယ်။ ဒီနေရာမှာတော့ စန်းမွန်

www.burmeseclassic.com

www.burmeseclassic.com



အောင်က တာဝန်ကျေရှာပါတယ်။ တစ်ညနေအတွင်းလေးမှာပဲ ထူးမောင် သိချင်တဲ့ကိစ္စကို သိလိုက်ရတယ်ဆိုပါတော့။

ဘုတ်ဘုတ်က ကျော်စွာ့ကို ကဗျာဆရာမို့လို့ ကြည်သွားတာတဲ့ဗျာ။

ပြီးတော့ သူမက ကျော်စွာစိုးသန်းရေးတဲ့ ကဗျာတွေကိုလည်း အလွန်ကြိုက်ဆိုပဲ။ အဲဒီမှာ ထူးမောင်လည်း ပက်လက်ကို လန်သွားတာပေါ့။

သူ့ခမျာ အခုမှထပြီး ကဗျာလိုက်ရေးရမလိုလို၊ ဘာလိုလိုနဲ့ ပြီးတော့ အရင်တုန်းက သူ ကျော်စွာ့ကို နှိပ်ကွပ်ပြီး ပြောနေကျစကားကလည်း ရှိသေးတယ်။ ဘာတဲ့ ... ကဗျာဆရာတစ်ယောက်ရှိတဲ့အိမ်ဟာ ဘိန်းစားနှစ်ယောက်ရှိတဲ့အိမ်နဲ့ ညီတယ်ဆိုလားပဲ။ သူ့စကားနဲ့ သူဆိုတော့ အခုချိန်ကျမှ ကဗျာဆရာလိုက်လုပ်လို့ကလည်း မဖြစ်ဖြစ်ဘူး။

ထူးမောင်က အဲဒါတွေကို အသည်းနာတာ။ စောစောစီးစီး ဆုံးပါးသွားတဲ့ သူ့ညီမ ခင်စန္ဒာဆင့်ကိုလည်း စိတ်နာတယ်။ ဟုတ်တယ်လေ ... ခင်စန္ဒာဆင့်သာရှိရင် ကျော်စွာစိုးသန်းဆိုတဲ့ကောင် အခုလို ဘုတ်ဘုတ်လေးနားကို ကပ်ခွင့်ရမှာမဟုတ်ဘူး။

ဘာဆက်လုပ်ရင် ကောင်းမလဲဆိုပြီး ထူးမောင် အကြံထုတ်တယ်။ ဒါပေမဲ့ ဘာအကြံမှ ထူးထူးခြားခြား ထွက်မလာပါဘူး။ ဒီကြားထဲမှာ သူ့အမေ ဒေါ်ခင်မျိုးဆင့်က ထူးမောင်နဲ့ ကျော်စွာတို့ ခပ်ခွာခွာဖြစ်နေလို့ ရန်ဖြစ်ထားတာလား ဘာညာနဲ့ လာမေးနေသေးတယ်။



ပြောလို့ပြောတာမဟုတ်ဘူး ဒေါ်ခင်မျိုးဆင့်က ကျော်စွာ့ကို သားအရင်းနဲ့မခြား ချစ်ရှာတာပါ။ [illegible]လောကတောင် ကျော်စွာ့ကို အဘွားကြီးက နောက်မိန်းမ ယူချင်ယူ အမေလည်း ချွေးမရတာပေါ့ဆိုပြီး ပြောနေသေးတယ်။ ဒီတော့ အခုကိစ္စမှာ အဘွားကြီးကို ထူးမောင် အားကိုးလို့မရတာ သေချာနေပါပြီ။

ကိုယ့်အားကိုယ်ကိုးလို့ကလည်း မရ။ သူများအားကိုးလို့ကလည်း မဖြစ်နဲ့ ထူးမောင်တစ်ယောက် ရှာလည်နေတာပေါ့။ တကယ်တော့ သူကိုယ်တိုင်ကလည်း ယောက်ဖဖြစ်တဲ့ကျော်စွာ့ကို သံယောဇဉ်ရှိပါတယ်။ ဒါပေမဲ့ အခုဟာ သူ့ရဲ့ နှလုံးသည်းပွတ်လေး ဘုတ်ဘုတ်ဖြစ်နေတော့ ထူးမောင်လည်း ဘယ်အလျှော့ပေးချင်ပါ့မလဲ။

အခြေအနေက အားလုံး ရေစုန်မျောမဲ့အနေအထားပါ။ ဒီတော့ ထူးမောင် စိတ်ညစ်တာပေါ့။ အသည်းကွဲပြီး စိတ်ညစ်တော့ သန်ျာသမားပေမဲ့ ထူးမောင် ဘာဂဏန်းမှ မတွက်ချင်ဘူး။ ဖဲလည်း မရိုက်နိုင်ဘူး။

ဒါနဲ့ပဲ သူက အရက်ဆိုင်ကို တစ်ပွေတည်း ဒိုးလာခဲ့ပါတော့တယ်။

www.burmeseclassic.com

www.burmeseclassic.com

အရက်ဆိုင်ကိုရောက်တော့ တိုက်တိုက်ဆိုင်ဆိုင်ပဲ ကျော်စွာနဲ့ ကိုသန်းအောင်တို့က ကြိုရောက်ပြီး သောက်နေကြပါတယ်။ သူတို့နှစ်ယောက်တင်မကဘူး။ ရပ်ကွက်ထဲက ထွန်းနိုင်တို့၊ ရဲမင်းသိန်းတို့၊ အောင်ဝင်းတို့လည်း သူတို့ဝိုင်းမှာ ရှိနေကြတယ်။

သူတို့ရပ်ကွက်သားတွေချည်းပဲ ဆိုတော့ ထူးမောင်လည်း ... ကျော်စွာနဲ့ မဆုံချင်ပေမဲ့ အဲဒီဝိုင်းမှာ ဝင်ထိုင်လိုက်ရပါတော့တယ်။ ကာလသားခေါင်းဆောင်ကြီး ကိုသန်းအောင်ပါ ရှိနေတာဆိုတော့ အဲဒီမှာမထိုင်ရင် မကောင်းဘူးလေ။

ထွန်းနိုင်က သူ့ကို နေရာပေးတယ်။

"လာ ကိုထူးမောင် ... ထိုင် ... "

ရဲမင်းသိန်းကလည်း ဖန်ခွက်အလွတ်ထဲကို သူသောက်ဖို့ အရက်တစ်ခွက် ငှဲ့ပေးပြန်ပါတယ်။



"ရော့ ... ဒီမှာ ကိုထူးမောင် သောက်ဖို့ ... "

အောင်ဝင်းက သူ့ကို ...

"ဒီနေ့ နောက်ကျတယ်နော် ကိုထူးမောင် ... "

ထူးမောင်က သူ့ကို ခရီးဦးကြို ပြုကြတဲ့ လူငယ်တွေကို ယဉ်ယဉ်ကျေးကျေးလေး ခေါင်းညိတ်ပြပြီး ပြုံးနေလိုက်ပါတယ်။

ရပ်ကွက်ထိပ်က အဖြူဆိုင်မှာ သူတို့ကာလသားတွေ လူစုမိကြီဆိုရင် တစ်နေရာတည်းမှာပဲ ပွဲပြီးသွားတာမျိုး ထုံးစံမရှိဘူး။ အမြဲပွဲဆက်သွားကြတာချည်းပဲ။ ဆိုင်ပြောင်းသောက်ချင်သောက်၊ ကာရာအိုကေ သွားချင်သွား၊ ဒါမှမဟုတ် ... တစ်ယောက်ယောက်အိမ်ကို အရက်ဝိုင်း ရွှေ့ချင်ရွှေ့ ... အဲဒီလို ပွဲဆက်သွားကြတာ ရိုးရာတစ်ခုလိုတောင် ဖြစ်နေပြီ။

အခုလည်း ကြည့်လေ။ တကယ့် ထိတ်ထိတ်ကြဲတွေချည်းပဲ စုပြီး ဝိုင်းဖွဲ့နေကြတာ။ အရက်ကို မရွေးငါးပါးနဲ့သောက်လေ့ရှိတဲ့ ကျော်စွာနဲ့ ထူးမောင်တို့ သမီးယောက်ဖနှစ်ယောက်ရယ်၊ ကာလသားခေါင်းဆောင်ကြီး ကိုသန်းအောင်ရယ်၊ လူမိုက်လက်သစ်လေးတွေ ဖြစ်ကြတဲ့ ရဲမင်းသိန်းနဲ့ အောင်ဝင်းတို့ရယ်၊ လင်ရှိကျွန် ထွန်းနိုင်ရယ် စုစုပေါင်း ခြောက်ယောက်တိတိ ရှိပါတယ်။

တော်တော်လူစုံနေပေမဲ့ တစ်ယောက်တော့ လိုနေပါသေးတယ်။ အဲဒီတစ်ယောက်ပါမှလည်း ပြည့်စုံတဲ့ အရက်ဝိုင်းဖြစ်မှာကိုး။ လိုနေတဲ့လူကတော့ ဦးစိန်ဆိုတဲ့ အသက်ငါးဆယ်အရွယ် လူပျိုကြီးပါ။ အရပ်ကြီးက ဂလန်ဂလားနဲ့ ခြောက်ပေနီးပါးလောက်ရှိတယ်။

www.burmeseclassic.com

www.burmeseclassic.com



အရက်ကလည်း ဘယ်လောက်သောက်သောက် လုံးဝကိုမမူးတာ။ တကယ့်ဝါရင့်ဂျိုးစစ်စစ်ကြီး။ သူက စကားပြောလည်း ကောင်းတယ်။ သူပြောတဲ့စကားကို နားထောင်ရတာ အလွန်ဗဟုသုတရတယ်။

"ဟော ... ဟိုမှာ ဦးစိန်ကြီး လာပြီဟေ့ ..."

ထူးမောင်က အဲဒီလို အားရဝမ်းသာ ထအော်လိုက်တော့ သူတို့အားလုံးရဲ့မျက်နှာတွေ ရွှင်လန်းသွားကြပါတယ်။ ဦးစိန်ကြီးက သူတို့အုပ်စုကို မေးလိုက်တယ်။

"ဟာ ... မင်းတို့တွေက ချိန်းထားကြတာလားကွ ... ဟေ"

ဦးစိန်ရဲ့ မေးခွန်းကို ရဲမင်းသိန်းက ...

"ချိန်းထားတာ မဟုတ်ဘူးဗျ ... ဒီဝိုင်းမှာ အစက ကျွန်တော်နဲ့ အောင်ဝင်း နှစ်ယောက်တည်းသောက်နေတာပါ ... ကျန်တဲ့လူတွေက နောက်မှ တစ်ယောက်ပြီးတစ်ယောက် ရောက်လာကြတာ ... အခု ဦးလေးစိန် နောက်ဆုံးပဲ ... ကျွန်တော်တို့က ဦးလေးစိန်ကို ဂုဏ်ပြုမလို့ စောင့်နေတာ ..."

"သြော် သြော် ... ဒီလိုလား၊ အဲဒါဆိုရင် ငါ့ကိုလည်း တစ်ခွက်ထည့်ကွာ ..."

သူတို့အားလုံး အရက်ခွက်လေးတွေ ကိုယ်စီကိုင်ပြီး မြှောက်လိုက်ကြပါတယ်။ ပြီးတော့ သူတို့က သံပြိုင်ဂုဏ်ပြုလိုက်ကြပါတော့တယ်။

"ဦးလေးစိန် ... ကြီးပါစေ၊ မာပါစေ၊ ရှည်ပါစေ ..."

သူတို့က ပြောင်းပြန်။ လူငယ်တွေက လူကြီးကို ပြန်ပြီး ဆုပေး



ကြတာ။ နောက်ပြီး ဆုပေးတာကိုလည်း သူတို့က ခပ်တည်တည်နဲ့ အတိုချုပ်ထားလိုက်သေးတယ်။ အရှည်ကတော့ 'ဘုန်းကြီးပါစေ၊ ကျန်းမာပါစေ၊ သက်ရှည်ပါစေ' ပေါ့လေ။

သူတို့က ဦးစိန်ကြီးကို အဲဒီလို ဆုပေးတော့ ဦးစိန်ကလည်း လူငယ်တွေကို သူ့ဘာသာသူ တီထွင်ထားတဲ့ ဆုတစ်ခု ပြန်ပေးပါတယ်။

"ကဲ ... မင်းတို့အားလုံးလည်း ဒီနေ့ကစပြီး စော်ကြည်၊ အကြွေးကျေ တော်တော်နဲ့မသေ ... ဘာအလုပ်မှ မလုပ်ဘဲ ချမ်းသာပါစေကွာ"

"ပေးတဲ့ဆုနဲ့ ပြည့်ပါစေ ... ဟေး ဝေး ..."

အရက်ဖြူဆိုင်ဆိုတော့လည်း သူတို့ ဘာလုပ်လုပ်၊ ဘယ်လိုအော်အော် လုံးဝပြဿနာမရှိဘူး။ ပတ်ဝန်းကျင်က အရက်သမားတွေမူးလို့ ဖြစ်တာပဲဆိုပြီး ခွင့်လွှတ်နားလည်ပေးထားပါတယ်။

ကျော်စွာနဲ့ ... ထူးမောင်တို့နှစ်ယောက်က ဘုတ်ဘုတ်ကိစ္စကြောင့် မကျေမလည်ဖြစ်နေကြပေမဲ့ ဒီအရက်ဝိုင်းလေး စိုပြည်ဖို့ သူတို့ရဲ့ ကိုယ်ရေးကိုယ်တာတွေကို ဘေးချိတ်ထားလိုက်ကြပါတယ်။ အရေလေးတွေ ဝင်သွားပြီဆိုတော့ အရင်လိုပဲ လည်ပင်းဖက်ပြီး ယောက်ဖတွေ၊ ဘာတွေပြန်ဖြစ်ကုန်ကြတာပေါ့။

သူတို့အုပ်စု လူစုံရင် ဖြစ်နေကျအတိုင်း ပွဲဆက်ဖို့ လူပျိုကြီးဦးစိန်အိမ်ကို ရွေးချယ်လိုက်ကြတယ်။ အဲဒီအိမ်ရောက်တော့ ဦးစိန်က သူ ဝယ်ယူစုဆောင်းထားတဲ့ ဆင်းရဲသား DVD ကားတွေ ပြသပြီး ဧည့်ခံပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



မူးလာရင် သွေးဆိုးတတ်တဲ့ ရဲမင်းသိန်းကို ကိုသန်းအောင်ကြီးက လိုက်ထိန်းနေရပါတယ်။ ကျော်စွာနဲ့ ထူးမောင်တို့ကလည်း တော်တော် ရေချိန်ကိုက်နေပြီ။ ပြီးတော့ သူတို့နှစ်ယောက်က ဦးစိန် ညွှန်းခဲ့တဲ့ DVD ကားကို အလွန်သဘောကျနေကြပါတယ်။ ဦးစိန်ကြီးကိုလည်း အရမ်းလေးစားကြည်ညိုလာကြတယ်။ ဒါနဲ့ ... သူတို့သမီးယောက်ဖနှစ်ယောက်က ... တိုးတိုး တိုးတိုးနဲ့ တိုင်ပင်လိုက်ကြပြီး သဘောတူညီမှုတစ်ခု ရသွားပါတယ်။

ကျော်စွာက ဦးစိန်ကို သွေးတိုးစမ်းပြီး မေးတယ်။

"ဦးလေးစိန်က ဘာဖြစ်လို့ ဒီအရွယ်အထိ လူပျိုကြီးလုပ်နေရတာလဲဗျ ... ဘာလဲ ... ဦးစိန်က လူပျိုကြီးဆိုတဲ့ဂုဏ်ကို ထိန်းသိမ်းထားတာလား ... "

"အဲဒီလို တမင်ထိန်းထားတာတော့ မဟုတ်ပါဘူးကွာ ... ငါ့ကို ယူမဲ့လူမှ မရှိတာ ... ပြီးတော့ ငါ့အရွယ်ကြီးနဲ့ မင်္ဂလာတွေ ဘာတွေ ဆောင်လို့လည်း မကောင်းတော့ပါဘူး ... "

ဦးစိန်ရဲ့ စကားအဆုံးမှာ ထူးမောင်က ဝင်ပြောပြန်တယ်။

"ဒါဆို ဦးလေးစိန်ကို ယူမဲ့လူရှိရင် ယူမလား ... မင်္ဂလာလည်း မဆောင်ရဘူးဗျာ ... ရုံးတက်ပြီး လက်မှတ်ထိုးရုံပဲ၊ ဘယ်လိုလဲ ... "

"တကယ်ပြောတာလား ... မင်းတို့က အဲဒီကောင်မလေးဘက်ကို ပိုင်လို့လားကွာ ... မင်းတို့နဲ့ ပြောရုံနဲ့ ပြီးပါ့မလား ... "

"သိပ်ပြီးတာပေါ့ ... ဦးလေးစိန်သာ ယူ မယူကို ပြောစမ်းပါ။ ကျွန်တော်တို့ဘက်ကို ကျွန်တော်တို့ ပိုင်တယ် ... "



ကိုသန်းအောင်က သူတို့ကို မယုံသင်္ကာနဲ့ ဝင်ဟန့်တဲ့သဘောမျိုး ပြောပါတယ်။

"မင်းတို့နော် ... လူကြီးကို ဒီကိစ္စမျိုး မနောက်ကောင်းဘူး"

"ရော် ... တကယ်ပြောနေတာပါဆို ... "

ထူးမောင်ရဲ့စကားအဆုံးမှာ ဦးစိန်ကြီးက ...

"အေး ... အဲဒါဆိုရင် ကောင်မလေးဘက်ကို ဘယ်တော့လိုက်တွေ့ရမလဲ ပြော ... "

ကြည့်စမ်း။ ဦးစိန်ကြီးက မိန်းမ သိပ်မလိုချင်ရှာဘူး။ အတင်းလိုက်တွေ့တော့မယ်ဆိုတာချည်းပဲ။

အဲဒီအချိန်မှာ ကျော်စွာ့အသံကြီးက ရုတ်တရက် ဖြတ်ဝင်လာပါတယ်။

"အခုချက်ချင်း လိုက်တွေ့မလား ... ရတယ် ... "

ဦးစိန်က တိုင်ကပ်နာရီကို တစ်ချက်မော့ကြည့်လိုက်တယ်။ အချိန်က ည ဆယ်နာရီခွဲနေပြီ။ ပြီးတော့ အံ့သြသလိုနဲ့ ပြန်မေးလိုက်ပါတယ်။

"ဒီအချိန်ကြီး လိုက်တွေ့ရမယ် ... "

"ဟုတ်တယ် ... တွေ့ရမယ် ... "

ကိုသန်းအောင်ကြီးက မတော်မတည့်တွေ ဖြစ်ကုန်မှာစိုးလို့ ဝင်ထိန်းပေးတဲ့သဘောနဲ့ ပြောတယ်။

"မင်းတို့ဟာက ဟုတ်ရောဟုတ်လို့လားကွာ ... "

ထူးမောင်ကလည်း အထူးတက်ကြွပြီး ပြန်ပြောလိုက်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တာမှ သိပ်ဟုတ် ... မယုံရင် အခုချက်ချင်း လိုက်တွေ့လို့ရတယ် ... "

ဦးစိန်ကြီးလည်း ဘယ်လိုမှ မနေနိုင်တော့ဘူး။

"လာကွာ ... အခုချက်ချင်း သွားတွေ့မယ် ... မင်းတို့အားလုံး လိုက်ခဲ့ကြ ... "

တွေ့လား။ သွားမလုပ်နဲ့။ ဦးစိန်တို့က ဒါမျိုးဆို စိတ်ကြီးတယ်။ ဦးစိန်ကိုယ်တိုင်က အဲဒီလိုဖြစ်နေတော့ ကျန်တဲ့လူတွေက လိုက်ရုံပေါ့။

အဲဒါနဲ့ပဲ သူတို့အုပ်စုတစ်စုလုံးဟာ ကျော်စွာနဲ့ ထူးမောင်တို့ ခေါ်ရာကို လိုက်လာကြပါတယ်။ အကုန်လုံး မူးနေကြပြီလေ။ ဘယ်လောက် သောက်သောက် မမူးဘူးဆိုတဲ့ ဦးစိန်ကြီးတောင် ယိုင်တိုင်တိုင် ဖြစ်နေပြီ။

ဟိုထိုး ဒီထိုးနဲ့ သူတို့ အမူးသမားလူစုဟာ တဖြည်းဖြည်း ရပ်ကွက်ထဲကို ဝင်လာခဲ့ကြပါတယ်။ ကိုသန်းအောင်ကြီးက ရောက်နေတဲ့ ပတ်ဝန်းကျင်အခြေအနေကို အကဲခတ်ကြည့်ပြီး တစ်ခုခု လွဲနေပြီဆိုတာ သိလိုက်တယ်။ သူက ထူးမောင်ကို သတိပေးစကား လှမ်းပြောပါတယ်။

"ဟေ့ကောင် ထူးမောင် ... ဒါ မင်းတို့လမ်းထိပ်ကို ရောက်နေပြီကွ ... ပြောတော့ ဦးလေးစိန်အတွက် ကောင်မလေးအိမ်ကို စကားသွားပြောမှာဆို ... "

"ဟုတ်တယ်လေ ... အဲဒီအိမ်ကိုပဲ သွားနေတဲ့ဥစ္စာ ... "

"အခုဟာက မင်းတို့အိမ်ကို ပြန်နေတာ မဟုတ်ဘူးလား"



"အဲဒီလိုပြောရင်လည်း ရတာပဲ ... နော် ဟေ့ကောင် ကျော်စွာ"

ထူးမောင်က ကျော်စွာကို တိုင်တည်ပြီးပြောတော့ ကျော်စွာက ...

"ဒါပေါ့ကွ ... တစ်အိမ်တည်း အတူတူနေကြတာပဲ ... အဲဒီကို မသွားလို့ ဘယ်ကိုသွားရမှာလဲ ... "

ကျော်စွာ့စကားကြောင့် အကုန်လုံး မျက်လုံးပြူးပြီး လန့်ဖျပ်သွားကြတယ်။ ဦးစိန်ဆို မူးချင်သလို ဖြစ်နေတာလေးတောင် ဘယ်ရောက်သွားမှန်းမသိဘူး။ ချက်ချင်းပဲ သူ့တစ်ကိုယ်လုံး ကြက်သီးတွေ ထ,သွားပါတယ်။

ဟုတ်တယ်လေ။ ဒီကောင်တွေနဲ့ တစ်အိမ်တည်း အတူနေတဲ့ ကောင်မလေးဆိုတာ သူတို့အမေ ယောက္ခမကြီး ဒေါ်ခင်မျိုးဆင့်ဆိုတဲ့ အဘွားကြီးပဲ ဖြစ်မှာပေါ့။ ဟူး ... တော်ပါသေးရဲ့။ အိမ်အထိ ရောက်ခင် မောင်သန်းအောင် သတိထားမိပေလို့။ မဟုတ်လို့ကတော့ ဟိုနှစ်ကောင်လက်ချက်နဲ့ ဦးစိန်ဘဝဆိုတာ တွေးတောင်မတွေးပုံဘူး။

သူတို့တစ်ဖွဲ့လုံးရဲ့ ခြေလှမ်းတွေ ရပ်တန့်သွားတော့ ရှေ့က ဦးဆောင်ပြီး သွားနေတဲ့ ကျော်စွာနဲ့ ထူးမောင်တို့က ပြန်လှည့်လာပါတယ်။ ကျော်စွာက ဦးစိန်ကို မျက်မှောင်ကုတ်ပြီး မေးလိုက်တယ်။

"ဘယ်လိုလဲ ... ဦးလေးစိန်ရဲ့ မိန်းမယူမလို့ဆို ... "

ဦးစိန်က ခေါင်းကို တွင်တွင်ယမ်းပြီး နောက်ဆုတ်သွားပါတယ်။ ထူးမောင်ကလည်း ခပ်တည်တည်နဲ့ ...

www.burmeseclassic.com

www.burmeseclassic.com



"ဦးလေးစိန်နော် ... ကျွန်တော်တို့က ဦးလေးစိန်ကို လေးစား ခင်မင်လို့ အမေနဲ့ ပေးစားဖို့ သဘောတူထားတာ ... အစကကျတော့ သူပဲ ဟုတ်ပြီဟုတ်ရဲ့နဲ့ အခု လမ်းထိပ်ရောက်မှလှည့်ပြန်ဖို့ ကြိုးစားတာ ဘာသဘောလဲ ... "

ကျော်စွာကလည်း ...

"ဟုတ်တယ် ... ကျွန်တော်က ယောက္ခမကြီး သိပ်ချစ်တာ၊ အခုဟာ ဦးလေးစိန်နဲ့မို့လို့ တခြားလူဆို Go Away ပဲ ... "

ဦးစိန်ကြီးရဲ့မျက်နှာဆိုတာ ညှိုးငယ်ပြီး သေးသေးသွားလိုက်တာ၊ နောက်တစ်နာရီလောက်ဆို သေးလွန်းလို့ မိုက်ခရိုစကုပ်စ်နဲ့ ကြည့်မှ မြင်ရမဲ့သဘောရှိတယ်။

ကိုသန်းအောင်လည်း မနေနိုင်တော့ဘဲ ဦးစိန်ဘက်ကနေ ဟို သမီးယောက်ဖနှစ်ယောက်ကို ဝင်ငေါက်ရတော့တာပေါ့။ ဒီအချိန်မှာ ကျော်စွာစိုးသန်းကို ကဗျာဆရာဆိုပြီး လေးစားနေလို့ မဖြစ်တော့ဘူး။

"မင်းတို့ကွာ ... လူကြီးတွေကို အဲဒီလို ဒုက္ခရောက်အောင် မလုပ်ကောင်းပါဘူး၊ တော်သေးတာပေါ့ ... ဒေါ်ခင်မျိုးဆင့်အိမ်ကို မရောက်ခင် သိသွားလို့ ... မဟုတ်ရင် အလကား ငါပါ မျက်နှာပျက် ရမဲ့အပေါက် ... ကဲပါ ... ပြီးသွားတာတွေ ထားလိုက်တော့ ... ကျော် စွာနဲ့ ထူးမောင် မင်းတို့လည်း မူးနေပြီဆိုတော့ ပြန်ကြတော့ ဟုတ် လား ... "

ကိုသန်းအောင်က သူတို့နှစ်ယောက်ကို ပြောပြီးသွားတော့ ဦးစိန်ကို မေးခွန်းတစ်ခွန်း လှည့်မေးလိုက်ပါတယ်။



"ဘယ်လိုလဲ ဦးလေးစိန် ... မိန်းမ လိုချင်စိတ်တွေ ရှိသေး လား ... "

ကိုသန်းအောင်ရဲ့ မေးခွန်းကို ဦးစိန်က ငူငူကြီး ရပ်နေရာမှ ခေါင်းရမ်းပြပါတယ်။ ကိုသန်းအောင်က ပြုံးလိုက်ပြီး ...

"သိပ်ကောင်းတယ် ဦးလေးစိန် ... အခု ဦးလေးစိန်လည်း ပင်ပန်းနေလောက်ပြီ ... အိမ်မှာ ပြန်ပြီး နားလိုက်တော့ ... အိမ်ပြန် ရောက်ရင် ဟို DVD တွေကို ဆက်ကြည့်မနေနဲ့ဦး ... ကဲ ... ကျန်တဲ့ လူတွေလည်း ကိုယ့်အိမ် ကိုယ်ပြန်ကြတော့ ... "

အဲဒီလို ... ကိုသန်းအောင်က သူတို့ကို လူစုခွဲပေးလိုက်မှပဲ ပြဿနာက အေးသွားတော့တယ်။ ကိုသန်းအောင်လည်း ... အဲဒီက အပြန်မှာ ... နောက်ဆို ဒီလူတွေနဲ့ ဘယ်တော့မှ အရက်အတူ တွဲ မသောက်တော့ဘူးလို့ တစ်ခါတည်း ဆုံးဖြတ်ချက် ချထားလိုက်ပါ တယ်။

www.burmeseclassic.com

www.burmeseclassic.com

[၉]

www.burmeseclassic.com

www.burmeseclassic.com

အခုတလော အိမ်မှာ ဒေါ်ခင်မျိုးဆင့်တစ်ယောက် ဒေါသတွေကြီးပြီး မကြာခဏ ဝုန်းဒိုင်းကြဲနေလို့ သူတို့သမီးယောက်ဖနှစ်ယောက်လည်း ကုတ်နေရတယ်။ မဟုတ်ရင် အဘွားကြီးရဲ့ဒေါသတွေက သူတို့ဘက်ကို လှည့်လာမှာကိုး။ ဒေါ်ခင်မျိုးဆင့်က သူ့အကြွေးတွေ တောင်းမရလို့ ဒေါသကြီးနေရတာပါ။ လတိုးရော၊ နေ့ပြန်တိုးပါ ငွေချေးစားတာဆိုတော့ ဝင်ငွေကတော့ ကောင်းပါရဲ့။ ဒါပေမဲ့ ငွေလိုက်တောင်းရတာ သိပ်စိတ်ညစ်ဖို့ကောင်းတယ်။ အိမ်မှာရှိတဲ့ သားနဲ့ သမက်ကလည်း ရပ်ကွက်ထဲမှာ အကြွေးလိုက်တောင်းခိုင်းရင် ရှက်လို့ဆိုပြီး ဘယ်သူမှ မတောင်းချင်ကြဘူး။ ဒီတော့ ဒေါ်ခင်မျိုးဆင့်ကိုယ်တိုင် ကွင်းဆင်းပြီး ပွဲကြမ်းနေရတာပေါ့။

ဒေါ်ခင်မျိုးဆင့် စိတ်တိုတိုင်း အော်ငေါက်စရာကလည်း သူတို့အိမ်မှာ နေ့ဘက် အိမ်အလုပ်တွေ လာလုပ်တဲ့ ... အိမ်ဖော်မလေး

www.burmeseclassic.com

www.burmeseclassic.com



ထွေးထွေးပဲ ရှိတာ။ ဒီတော့ တစ်ခုခုဆိုတာနဲ့ ထွေးထွေးပဲ အဆူခံထိတယ်။ ဘာပဲဖြစ်ဖြစ် တခြားအိမ်တွေထက် ဒီမှာက လခ ပိုကောင်းတော့ ထွေးထွေးလည်း သည်းခံပါတယ်။ ထွေးထွေးက သူတို့အိမ်မှာ မနက် ရှစ်နာရီကနေ ညနေခြောက်နာရီအထိ လခစားနဲ့ လာအဆူခံနေရသလိုပဲ။

ဒီနေ့က တနင်္ဂနွေဆိုတော့ ကျော်စွာစိုးသန်း အလုပ်ပိတ်တယ်။ ထူးမောင်ကလည်း ဘယ်မှမသွားဘဲ စာအုပ်တစ်အုပ်နဲ့ ဂဏန်းတွေတွက်ပြီး အိမ်ကပ်နေတယ်။ ကျော်စွာက အလုပ်ပိတ်ရက်မို့ အေးအေးလူလူ ကဗျာရေးမလို့ ပြင်ဆင်နေပါတယ်။ သူတို့နှစ်ယောက်ဟာ ကွပ်ပျစ်ရှည်ကြီးတစ်ခုပေါ်မှာ အတူတူရှိနေကြတာပါ။

ဟိုနေ့ညကတည်းက သူတို့နှစ်ယောက်က ငြိမ်းချမ်းရေးပြန်ရပြီးသား ဖြစ်ပေမဲ့ နောက်တစ်နေ့ကျတော့ အမူးပြေသွားပြီလေ။ ဒီတော့ တစ်ယောက်နဲ့တစ်ယောက် အိုးတိုးအန်းတန်း ဖြစ်နေကြတာပေါ့။ စကားပြောရင်လည်း မေးတစ်ခွန်း ဖြေတစ်ခွန်းနဲ့။ ဒေါ်ခင်မျိုးဆင့်က ပြန်ပြေလည်ခါစ သူတို့နှစ်ယောက်ရဲ့ ဆက်ဆံရေးကို မသိမသာ အကဲခတ်လို့နေပါတယ်။

ကျော်စွာက သူ့အတွေး ပေါ်လာသမျှကို စာရွက်လွတ်ပေါ်မှာ စကားလုံးတွေအဖြစ် ချရေးနေမိတယ်။ ပြီးတော့ ဟိုငေးသည်ငေးနဲ့ လျှောက်စဉ်းစားလိုက်၊ ကုန်းရေးလိုက်၊ မကြိုက်လို့ ပြန်ခြစ်ထုတ်လိုက်နဲ့ တစ်ယောက်တည်း အလုပ်ရှုပ်နေတာပဲ။ အဲဒီလို အနေအထားမှာ တွက်လက်စဂဏန်းစာအုပ်ကို ဘေးချပြီး ထူးမောင်က ကွပ်ပျစ်ပေါ်



ပက်လက်လှဲအိပ်လိုက်တယ်။ ထူး ်က မျက်စိကိုမှိတ် ဒူးလေးနှံ့ပြီး ဘာတွေစဉ်းစားနေတယ် မ ်ပါဘူး။

ဒါကို ကျော်စွာက ကဗျာရေးနေရာက မျက်မှောင်ကြီး ကုတ်ပြီး တစ်ချက်လှမ်းကြည့်တယ်။ ထူးမောင် ဒူးနှံ့နေတာ လှုပ်လှုပ်၊ လှုပ်လှုပ်နဲ့ဆိုတော့ သူ စာရေးရတာ အဆင်မပြေဘူးပေါ့။ ဒါပေမဲ့ ထူးမောင်က မျက်စိမှိတ်ထားတော့ သူ့အခက်အခဲကို ဘယ်သိပါ့မလဲ။ ဒီတော့ ကျော်စွာက အမူအရာနဲ့ မသိတဲ့ ်ကို ပါးစပ်နဲ့ ထုတ်ပြောရပါတော့တယ်။

"ဟေ့ကောင် ထူးမောင် ... ဒူးကို နှံ့မနေနဲ့ကွာ ... ဒီမှာ စာရေးရတာ အာရုံပျက်တယ် ... "

အဲဒါကို ထူးမောင်က မျက်လုံးမဖွင့်ဘဲ အခုလို ပြန်ပြောလိုက်ပါတယ်။

"ငါက ဒူးနှံ့နေတာ မဟုတ်ဘူးကွ ... "

"ဒါဖြင့် ဘာလုပ်နေတာလဲ ... "

"အဲဒါ ကိုယ့်ကိုယ်ကိုယ် ချော့သိပ်နေတာ ... "

အောင်မာ။ ကြည့်စမ်း ... ကြည့်စမ်း ... ။

ကျော်စွာလည်း ချက်ချင်းကြီးဆိုတော့ ဘာပြန်ပြောရမှန်း မသိဘူး ဖြစ်သွားတယ်။ ထူးမောင်ရဲ့စကားက သူ့လို မော်ဒန်ကဗျာဆရာကိုတောင် အငိုက်မိသွားစေပါတယ်။ ဒူးနှံ့တာ မဟုတ်ဘူး။ ကိုယ့်ကိုယ်ကိုယ် ချော့သိပ်နေတာတဲ့။ သေချာတာကတော့ သူ့ရဲ့ ကဗျာဆရာဘဝမှာ ဒါမျိုး တစ်ခါမှ မကြားခဲ့ဖူးဘူး။ ဟုတ်တယ် ... ဒါ အသစ်ပဲ။

www.burmeseclassic.com

www.burmeseclassic.com



ကျော်စွာက ထူးမောင်ကို စိတ်မဆိုးတော့တဲ့အပြင် ကျေးဇူးတောင် ပြန်တင်သွားပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီစကားလုံးကို သူ့ကဗျာထဲမှာ ထည့်ရေးတော့မှာကိုး။ ထူးမောင်က လူကသာဘာမှမဟုတ်တာ။ အဲဒါမျိုးတွေတော့ မကြာခဏထွက်တတ်ပါတယ်။ ကျော်စွာကလည်း ယောက်ဖပါးစပ်က စကားလုံးတွေကို အဆင်သင့်ကောက်စားနေကျ ... ။ ဒါတွေကို ထူးမောင်က မသိဘူး။ ကျော်စွာကလည်း ပြောပြဝန်ခံတာမျိုး၊ ခွင့်တောင်းတာမျိုး တစ်ခါမှ မလုပ်ဘူး။

ထူးမောင် ရောင့်တက်မှာစိုးလို့တဲ့။ သူ့စေတနာက မှန်မှာပါ။ ဘာဖြစ်လို့လဲဆိုတော့ ထူးမောင်ကို ဘဝင်ရူးမှန်း တစ်ရပ်ကွက်လုံးက သိနေလို့ပါပဲ။

[ ၆ ]

www.burmeseclassic.com

www.burmeseclassic.com

ဘုတ်ဘုတ် (ခေါ်) သီရိဆိုတဲ့ ကောင်မလေးဟာ ကျော်စွာကို သူမကြိုက်တဲ့ ကဗျာဆရာမှန်း သိသွားတဲ့နေ့ကစပြီး အခေါ်အပြောတွေ အားလုံးပြောင်းလဲသွားပါတယ်။ အရင်က စန်းမွန်အောင် အကူအညီနဲ့ သူမနားကို ကပ်ခွင့်ရခဲ့ဖူးတဲ့ ထူးမောင်ရဲ့နေရာကို အခု ကျော်စွာက အပိုင်စားရသွားပြီ။

ဒီတော့ ထူးမောင်လည်း အဝေးက ငေးရုံပေါ့။ ဒါပေမဲ့ ... ထူးမောင်က စိတ်မာတ်မကျပါဘူး။ တစ်နေ့ ... ဟုတ်တယ် ... သူ့အလှည့် ပြန်ရောက်လာမဲ့ တစ်နေ့ကို ဖွဲ့ရှိရှိနဲ့ စောင့်နေရှာပါတယ်။

အဲ ... ထူးမောင်က ဒီအတိုင်း ဘလိုင်းကြီး စောင့်နေတာတော့ မဟုတ်ပါဘူး။ နောက်ထပ် ကောင်မလေးတစ်ယောက်ကို ထပ်လိုက်ရင်း စောင့်နေတာပါ။ သူထပ်လိုက်နေတဲ့ကောင်မလေးက ရှင်ခွက်ထိပ်မှာ "Ever Cry ဆိုတဲ့ Beauty Saloon ဖွင့်ထားပါတယ်။ သူမနာမည်

www.burmeseclassic.com

www.burmeseclassic.com



က "မအေး"တဲ့။ အပျိုတော့မဟုတ်ဘူး။ တစ်ခုလပ်လို့ပြောရမယ်။ ဒါပေမဲ့ ... အဲဒါကလည်း သိပ်မသေချာလှပါဘူး။ အဲဒီမအေးက သူ့ယောက်ျားနဲ့ တရားဝင်ကွာရှင်းတာ ဘာညာမလုပ်ရသေးလို့ပါ။

အဲဒီလို ထူးမောင်က မအေးကို ပြောင်းလိုက်ပေမဲ့လည်း ဟိုမှာ သူ့ထက်ဦးအောင်လိုက်နေတဲ့လူကရှိနှင့်ပြီးသား။ ဘယ်သူလဲဆိုတော့ အဲဒီလူက တခြားလူမဟုတ်ဘူး။ သူတို့နဲ့ သောက်ဖော် သောက်ဖက် လင်ရှိကျန်ထွန်းနိုင်ပဲဖြစ်ပါတယ်။ သူက တရုတ်လူမျိုးဖြစ်ပြီး ထွန်းနိုင်မှာ ထူးခြားချက် တစ်ခုရှိပါတယ်။ အဲဒါကတော့ ထွန်းနိုင်ရဲ့ရှေ့မှာရှိတဲ့ "လင်ရှိကျန်"ဆိုတာ သူတို့ တရုတ်မျိုးရိုးနာမည်မဟုတ်တာပါပဲ။

ထွန်းနိုင်က ဘာပဲပြောပြော ဒီရပ်ကွက်ထဲမှာ ရာဇဝင်နဲ့လူပါ။ သူကြိုက်ဖူး ... လိုက်ဖူးသမျှမိန်းမအားလုံးဟာ ... အခုမအေးလိုပဲ ယောက်ျားနဲ့ခဏကွဲကွာနေတဲ့ မိန်းမတွေချည်းဖြစ်နေတာကိုး။ သူကြံစည်လိုက်ရင် အဲဒါမျိုးတွေချည်းပဲဆိုတော့ ထွန်းနိုင်ကိုအားလုံးက "လင်ရှိကြံ"ဆိုပြီး ဝိုင်းနောက်ကြရာမှ လင်ရှိကျန်ထွန်းနိုင်ရယ်လို့ နာမည်တွင်ခဲ့တာဖြစ်ပါတယ်။

ထူးမောင်လည်း စိတ်ညစ်သွားတယ်။ ဟုတ်တယ်လေ။ ဘုတ်ဘုတ်ကိုလိုက်တုန်းကလည်း ကိုယ်နဲ့ပြိုင်ဘက်က ယောက်ဖအရင်းခေါက်ခေါက်ကြီးကျော်စွာ၊ အခုကျပြန်တော့လည်း သောက်ဖော်သောက်ဖက်ဘော်ဒါထွန်းနိုင်ဆိုတော့ ထူးမောင်ညစ်ပြီပေါ့။ မျက်နှာပူစရာပေမယ့် ချစ်မိပြီဆိုတော့လည်း ဒီလိုပဲပေါ့။ ဘာတတ်နိုင်မှာလဲ။



အချစ်ဆိုတာ 'အ'လို့ချစ်တာတဲ့။ အရင်က ဖူးစာဆိုတာ ဦးရာလူပဲဆိုတာဟုတ်တယ်။ အဲဒါ အခုပြောင်းသွားပြီ။ ဖူးစာဆိုတာ ပိုက်ဆံရှိတဲ့လူဖြစ်သွားပြီ။

ထူးမောင်ခမျာ ဒီတစ်ခါလည်း မအေးရဲ့အချစ်မှာ ဦးရာလူလည်းမဟုတ်။ ပိုက်ဆံကလည်းမရှိနဲ့။ နောက်ကျ၊ ငမွဲဖြစ်လျက်ပါပဲ။ ဒါပေမဲ့ ...

www.burmeseclassic.com

www.burmeseclassic.com

[၇]

www.burmeseclassic.com

www.burmeseclassic.com

ကျော်စွာစိုးသန်းဆိုတဲ့ မုဆိုးဖိုလေးဟာ ဘုတ်ဘုတ်ကြောင့် အလုပ်ကနေ မကြာခဏခွင့်ယူလို့နေပါတယ်။ ဘယ်တော့ အလုပ်ပြုတ်မယ်မသိဘူး။ အလုပ်ရှင်ကလည်း သိပ်မကြည်တော့ဘူးလေ။ ဒါပေမဲ့ အလုပ်ပြုတ်လည်း ယောက္ခမကြီး ဒေါ်ခင်မျိုးဆင့်တစ်ယောက်လုံးရှိနေတာပဲ။ ပူစရာမလိုပါဘူး။

အဲဒီအခါကျရင် ဘုတ်ဘုတ်နားမှာနေဖို့ အချိန်တောင် ပိုရလာဦးမယ်။ အခုဆို သူက ဘုတ်ဘုတ်နဲ့တင်မကဘူး။ စန်းမွန်အောင်နဲ့ပါ ခင်နေပြီ။ စန်းမွန်အောင်က ပေါင်းရတာလွယ်ပါတယ်။ သူ့မကိုသာ ဆေးကျွေးပြီးတော့ လာဘ်ထိုးပေါင်း။ ဘုတ်ဘုတ်နဲ့ အဲဒီလူကို သဘောကျပြီးသွားပဲ။

စန်းမွန်အောင်တို့မျိုးရိုးကို သေချာစိစစ်ကြည့်ရင် သူမနဲ့ဖိုးဖြစ် ဒိုင်သမ္ဘတယောင်းမားစ်ကိုစ်ဟာ အမျိုးတော်နိုင်တယ်။ သူက လာဘ်

www.burmeseclassic.com

www.burmeseclassic.com



ပေးလာဘ်ယူ သိပ်ဝါသနာပါတဲ့ကောင် ... အဲလေ ... ကောင်မ ဒီတော့ ကျော်စွာစိုးသန်းခများမှာလည်း မရှိမဲ့ရှိမဲ့နဲ့ စန်းမွန်အောင်ကို ပေးရှာပါတယ်။

အခုလည်း ... ညနေခင်း ကောင်းကင်အောက်မှာ သူတို့သုံး ယောက်သား အင်းလျားကန်ဘောင်ပေါ် ရောက်နေကြပါတယ်။ ပြီး တော့ ရောက်တတ်ရာရာတွေ လျှောက်ပြောနေပါတော့တယ် ... ။ ရောက်တတ်ရာရာတွေပြောတာဆိုပေမယ့် တကယ်တော့ စန်းမွန် အောင်က ကျော်စွာနဲ့ဘုတ်ဘုတ်ကို မသိမသာပို့ပေးနေတာပါ။

စန်းမွန်အောင်က သူတို့နှစ်ယောက်ကိုပို့ပေးနေတာ ပါးပါးလေး ပေမယ့် ဘုတ်ဘုတ်ကတော့ အထူကြီးသဘောပေါက်လို့နေပါတယ်။ ဒီအရွယ်ပဲရှိနေပြီဥစ္စာ။ သူမလည်း ပေါက်တာပေ့ါ။ အဲဒီလိုပဲ ဘုတ်ဘုတ် က သူ့အပေါ် လိုက်လိုက်လျောလျော ဆက်ဆံတုံ့ပြန်နေတာကိုလည်း ကျော်စွာက ပေါက်ပြီးသား။ သူတို့နှစ်ယောက် အပြန်အလှန်“ပေါက်” နေတာကို စန်းမွန်အောင်က စေတနာနဲ့ “ရောက်”သွားအောင် ရုတ်တ ရက်ကြီး ရှောင်ထွက်လို့သွားပါတယ်။

“ဟာ ... ဟိုမှာ ... ငါ့ဆရာမ ... ဟဲ့ ... ခဏလေးနော် ငါနဲ့ မတွေ့တာကြာပြီမို့လို့ သွားနှုတ်ဆက်လိုက်ဦးမယ်”

ပြောပြောဆိုဆိုနဲ့ စန်းမွန်အောင်က ထထွက်သွားတော့ သူတို့ က အံ့သြသွားဟန်နဲ့ တစ်ယောက်ကိုတစ်ယောက် အကဲခတ်ကြည့် လိုက်ကြပါတယ်။

ဘုတ်ဘုတ်ရဲ့မျက်နှာက နည်းနည်းပြုံးချင်သလိုဖြစ်သွား



တယ်။ ဘာဖြစ်လို့လဲဆိုတော့ စန်းမွန်အောင်ရဲ့ခဏလေးဆိုတာ အနည်းဆုံး နာရီဝက်လောက်ကြာတတ်မှန်း သူမ သိနေလို့ပါပဲ။ အင်း ဒီကောင်မကြည့်ရတာ ကျော်စွာဆီက ဘယ်လောက်ဖိုးတောင် ရထား လဲမသိဘူး။ ငါ့ကို ကျိုးတိုးထိုး၊ ခွေးဆွဲဆွဲ ပစ်ထားခဲ့ရက်တယ်။ ဟွန်း တွေ့မယ်။

သူမက စိတ်ထဲကနေသာ အဲဒီလို ကြိမ်းဝါးနေပေမယ့် အပြင် ပန်းမှာတော့ ဘာမှမသိနားမလည်သလို ပြုံးနေလိုက်ပါတယ်။ အဲဒီ ခဏမှာပဲ ကျော်စွာက ဆုံးဖြတ်ချက်တစ်ခုကို ခိုင်ခိုင်မာမာချလိုက် တော့တယ်။ အခုချိန်ဟာ သူ ဘုတ်ဘုတ်ကို ရည်းစားစကားပြောဖို့ အသင့်တော်ဆုံးအချိန်မဟုတ်လား။

“ဘုတ်ဘုတ် ...”

သူကခေါ်လိုက်တော့ သူမက မျက်လုံးလေးကိုဝင့်ပြီး တစ် ချက်ကြည့်လိုက်တယ်။ ကျော်စွာ့ရင်ထဲမှာ ဒိန်းခနဲမြည်သွားတာပေ့ါ။

“ဘာပြောမလို့လဲ ကိုကျော်စွာ ...”

“ဘုတ်ဘုတ်ကို ကျွန်တော်ချစ်တယ် သိလား ...”

“ရှင် ...”

သူမက သဘောပေါက်ပြီးသားဆိုပေမယ့် ဒီလောက်မြန်မြန် ဆန်ဆန်နဲ့ ဒဲ့တိုးကြီးပြောလိမ့်မယ်လို့တော့ ဘယ်ထင်မှာလဲ။ မျက်လုံး လေးဝိုင်းပြီး အံ့သြသင့်နေတဲ့သူမကို သူက ထပ်ပြောလိုက်ပြန်တယ်။

“ဟုတ်တယ် ဘုတ်ဘုတ် ... ကျွန်တော် ဘုတ်ဘုတ်ကိုချစ် တယ် ...”

www.burmeseclassic.com

www.burmeseclassic.com



"ခစ်ခစ် ... ခစ် ... ကိုကျော်စွာက ကဗျာဆရာလုပ်ပြီး ... ရည်းစားစကားကျတော့ ကဗျာလည်းမဆန်ဘူးနော် ..."

"အဲဒီလိုတော့ ကျွန်တော့်ကို မလှောင်ပါနဲ့ဘုတ်ဘုတ်ရယ်"

"ဟုတ် ... လှောင်တာမဟုတ်ပါဘူးကိုကျော်စွာရဲ့ ... ဘုတ်ဘုတ်က ကိုကျော်စွာ ရည်းစားစကားပြောရင် ကဗျာဆန်ဆန်စကားလုံးလှလှလေးတွေသုံးပြီးပြောမယ်လို့ ထင်ထားတာ ..."

"နေစမ်းပါဦး ... ဒါဆို ဘုတ်ဘုတ်က ကျွန်တော် ရည်းစားစကားပြောမယ်ဆိုတာ ကြိုသိနေတာပေါ့ ..."

"ဒါပေါ့ကိုကျော်စွာရဲ့ ... ဘုတ်ဘုတ်နားကိုကပ်လာတဲ့လူတိုင်း ဒီလိုတွေချည်းပဲဥစ္စာ ... တစ်နေ့မဟုတ် တစ်နေ့ပြောမှာပဲ ..."

သူမက အဲဒီလို ရဲရဲတင်းတင်း၊ ပွင့်ပွင့်လင်းလင်း ပြန်ပြောလိုက်တော့ ကျော်စွာလည်း မျက်နှာမထားတတ်အောင်ဖြစ်သွားပါတော့တယ်။ ဒါပေမဲ့ ပြောပြီးသွားပြီဆိုတော့ ဘာတတ်နိုင်မှာလဲ။ ရှေ့ဆက်တိုးရတော့မှာပေါ့။ ဘုတ်ဘုတ်ဆီက အဖြေတောင်းဖို့ သူက စကားလုံးရွေးနေမိတယ်။

အဲဒီအချိန်မှာ ...

"ဟာ ... ကျော်စွာရာ ... မင်းကိုရှာလိုက်ရတာကွာ ..."

သူလှည့်ကြည့်လိုက်တော့ ရေးကြီးသုတ်ပြာဖြစ်နေတဲ့ ထူးမောင်ကို တွေ့ရတယ်။ ဒီကောင်ညစ်ပြီဆိုတာကိုပါ သူတန်းသိလိုက်ပါတယ်။ ဒီနေရာက သူတို့ရပ်ကွက်မှမဟုတ်တာ။ အင်းလျားကန်ဘောင်ဆိုတော့ သူတို့ရပ်ကွက်ကနေ တကူးတကလာမှရတဲ့နေရာမျိုးပါ။ အခု



ဒီကောင်က ကျော်စွာကိုဒီနေရာအ ? လိုက်ရှာနိုင်တယ်ဆိုတာ လုံးဝမဖြစ်နိုင်တဲ့ကိစ္စပဲ။ ဖြစ်ချင်းဖြစ်ရ[illegible]းမောင် ဘုနောက်ကို လိုက်ချောင်းနေလို့ပဲဖြစ်ရမယ်။ သူနဲ့ဘု[illegible]ဘုတ် နှစ်ယောက်ထဲ ခွင်(ပွင်)တည့်နေတာကို အချိန်ကိုက်နှောင့်ယှက်ဖို့ရောက်လာတာ အရမ်းသိသာလွန်းပါတယ်။ ဒါပေမဲ့ သူက မသိချင်ယောင်ဆောင်ပြီး ထူးမောင်ကို ပြန်ပြောလိုက်တယ်။

"ဘာကိစ္စလဲ ..."

"ဘာကိစ္စရမှာလဲ ... မနက်ဖြန် မင်းမိန်းမခင်စန္ဒာဆင့်ဆိုးတာ တစ်နှစ်ပြည့်ဆွမ်းကျွေးလုပ်မှာလေ ... အဲဒါ အမေက [illegible]င်းကို စီစဉ်စရာရှိတာ စီစဉ်ရအောင် လိုက်ရှာခိုင်းလို့ကွ ... လာ ... အိမ်ပြန်လိုက်ခဲ့"

"အမ် ..."

အဲဒါမှခွပဲ။ ထူးမောင်ဆိုတဲ့ကောင်က သူ့ကို ဘုတ်ဘုတ်ရှေ့မှာ အဲဒီလို အပီခွဲနေပြီ။ ဒါပေမဲ့ ခက်နေတာက သူလည်း ခင်စန္ဒာဆင့်ဆုံးတဲ့ရက်ကို သေချာမမှတ်မိတော့တာပါ။ ဒီလတော့ ဒီလထဲပဲ။ ရက်ကိုသာ အတိအကျမမှတ်မိဘူးဖြစ်နေတာ။ သူမကတော့ သူ့ကို ပြုံးပြုံးကြီးစိုက်ကြည့်နေလေရဲ့။ ခဏကြာတော့ ဟိုလိုလို၊ ဒီလိုလိုဖြစ်နေတဲ့သူ့ကို ဘုတ်ဘုတ်ကဝင်ပြီး ဆုံးဖြတ်ပေးလိုက်ပါတယ်။

"ကဲ ... အဲဒါဆို ကိုကျော်စွာ့မိန်းမဆုံးတဲ့ တစ်နှစ်ပြည့်ဆွမ်းကျွေးအလှူမှာ ဘုတ်ဘုတ်[illegible]ည်းဝိုင်းကူလုပ်ပေးမယ်လေ ... ဟို[illegible] စန်းမွန်အောင်လည်းလာနေပြီ ... ဒီကနေ အားလုံးအတူတူပြန်ကြရအောင်လေ ... ဟုတ်ပြီလား ..."

www.burmeseclassic.com

www.burmeseclassic.com



ဘုတ်ဘုတ်က အဲဒီလို လှလှပလေးပွဲဝင်ထိန်းပေးလိုက်တော့ ထူးမောင်လည်း တစ်ချက်မျက်နှာပျက်သွားတယ်။ ဘာပဲဖြစ်ဖြစ် — နောက်ဆုံးမှာတော့ သူရယ်၊ ထူးမောင်ရယ်၊ ဘုတ်ဘုတ်နဲ့ စန်းမွန်အောင်ဆိုတဲ့ကောင်မလေးနှစ်ယောက်ရယ် တက္ကစီတစ်စီးငှားပြီး ရပ်ကွက်ထဲကို အတူပြန်လာကြပါတော့တယ်။

အိမ်ကိုပြန်ရောက်တော့ တကယ်ပဲ ထူးမောင်ပြောတာ အမှန်ဖြစ်နေပါတယ်။ အိမ်ရှေ့မှာ ဒေါ်ခင်မျိုးဆင့်ကိုယ်တိုင် ဦးစီးပြီး ကိုသန်းအောင်ကြီးကလည်း အလှူအတွက် ကူညီလုပ်ကိုင်ပေးနေတာ တွေ့ရတယ်။

ယောက္ခမကြီးက သူ့ကိုမြင်တယ်ဆိုရင်ပဲ အပြစ်တင်ပြောဆိုပါတော့တယ်။

"ဟဲ့ ... ကျော်စွာ ... ဒီညနေ အလှူအတွက်ပြင်ဆင်ရမယ်ဆိုတာ နားမလည်ဘူးလား ... မနက်ထဲက ပျောက်နေလိုက်တာ — ဘယ်ကိုအလေလိုက်နေမှန်းမသိဘူး ... "

အဘွားကြီးဒေါ်ခင်မျိုးဆင့်ရဲ့စကားကြောင့် ကျော်စွာလည်း သူမကို အားနာသွားပြီး ဖျတ်ခနဲ လှမ်းကြည့်လိုက်ပါတယ်။ ဟုတ်တယ်လေ၊ ဘွားတော်ကြီးရဲ့စကားက သူ့ကို ဘုတ်ဘုတ်နဲ့သွားအလေလိုက်နေတယ်လို့ပြောသလိုဖြစ်နေတာကိုး။ ဒါပေမဲ့ ဘုတ်ဘုတ်ကအေးအေးပဲ။ သူ့ကိုတောင် ပြန်ပြီး ရယ်ကျဲကျဲနဲ့ပြောင်ပြနေလိုက်သေးတယ်။ ကျော်စွာလည်း သူမရဲ့အပြုအမူတွေကြောင့် နည်းနည်းစိတ်သက်သာ ရာ ရသွားပါတယ်။



စဉ်းစားကြည့်လေ ... သူက သူမကို ခုနကမှ ရည်းစားစကားပြောထားတာ။ အဲဒီအချိန်မှာ ထူးမောင်ရဲ့ သူ့မိန်းမနှစ်လည်ဆွမ်းကျွေးကိစ္စကိုလာပြောတယ်။ အဲဒီမှာတင် ဗီလင်ကတော်တော်အောက်နေပြီ။ ဘုတ်ဘုတ်လေးက သဘောထားကြီးပြီး အလှူမှာကူလုပ်ပေးဖို့ အိမ်ကိုလိုက်လာတယ်။ အိမ်လည်းရောက်ရော ယောက္ခမကြီးက သူမရဲ့သိက္ခာကို ထိပါးတဲ့စကားတွေနဲ့ မဆင်မခြင် ကောတယ်။ ဒါကိုတောင် သူမက အပြုံးမပျက်နေနိုင်သေးကယ်။ သူမနေရာမှာ တော်ရုံကောင်မလေးတစ်ယောက်ဆို တော်တော်တင်းနေလောက်ပြီ။

ဘုတ်ဘုတ်လိုမာနကြီးတဲ့ကောင်မလေးမျိုးက ဘာမှမဖြစ်သလိုနဲ့ ဒီလောက်အထိ သည်းခံနေနိုင်တာကို စန်းမွန်အောင်က အံ့သြနေမိတယ်။ တကယ်တော့ စန်းမွန်အောင်တင်မဟုတ်ဘူး၊ ဘုတ်ဘုတ်သူတို့အလှူမှာ လာကူညီတာကို အားလုံးက အံ့သြနေကြတာပါ။

လူတွေအံ့သြနေကြတာတွေ့တော့ ဘုတ်ဘုတ်လည်းပြုံးပြီး ခေါင်းယမ်းလိုက်မိရဲ့။ ဘာဖြစ်လို့လဲဆိုတော့ အခုကိစ္စမှာ သူမကိုယ်သူမလည်း အံ့သြနေမိလို့ပါပဲ။

ဒါကို "အချစ်"လို့ပြောဖို့ နည်းနည်းစောသေးပေမယ့် အချိန်တန်ရင် အဲဒါ အချစ်ဆိုတာ အားလုံးသိလာကြပါလိမ့်မယ်။

www.burmeseclassic.com

www.burmeseclassic.com

[ ၈ ]

www.burmeseclassic.com

www.burmeseclassic.com

အခုတလော ထူးမောင်ရဲ့ရှုံးနိမ့်မှုတွေက အခန်းဆက်လျက်ရှိပါတယ်။ ဘုတ်ဘုတ်နဲ့ပတ်သက်ပြီးတော့ ယောက်ဖဖြစ်တဲ့ ကျော်စွာစိုးသန်းကို အလံဖြူပြခဲ့ရပြီးပြီ။ တစ်ခါ မအေးကိစ္စမှာလည်း လင်ရှိကျွန်ထွန်းနိုင်ကို ထပ်ပြီးလက်နက်ချရမလိုဖြစ်နေပါတယ်။ မအေးက သူ့ထက်စာရင် ထွန်းနိုင်ကို ပိုပြီးအခွင့်အရေးတွေပေးတော့ ထူးမောင်ခမျာခံရခက်တာပေါ့။

ထူးမောင်လည်း ညစ်သထက်ညစ်လာတယ်။ ဒီတော့ အရက်တွေချည်း လိုမ့်သောက်နေပါလေရော။ ထပ်ဆင့်အသည်းကွဲအရက်သမားကြီး ထူးမောင်ပေါ့လေ။ အဲဒီထပ်ဆင့်အသည်းကွဲအရက်သမားကြီးကို လိုက်အဖော်ပြုပေးနေရတာကတော့ ထုံးစံအတိုင်း ယောက်ဖတော် ကျော်စွာစိုးသန်းပါ။

ကျော်စွာက ဘုတ်ဘုတ်ကိစ္စမှာသာ ထူးမောင်ကိုအောင်နိုင်တာ။

www.burmeseclassic.com

www.burmeseclassic.com



မအေးနဲ့ပတ်သက်လို့တော့ လင်ရှိကျွန်ထွန်းနိုင်ကို အနိုင်ရဖို့အကြံညဏ်တွေပေးရှာပါတယ်။ ဒါပေမဲ့ ထူးမောင်ကိုကမစွံတာဆိုတော့ သူလည်း ဘာတတ်နိုင်မှာလဲ။

"ဟော့ကောင် ကျော်စွာ ... ဒီနေ့ မင်း ငါ့ကို အရက်လိုက်တိုက်ရမယ် ... ငါ့မှာပိုက်ဆံမရှိတော့ဘူး ... အမေ့ဆီကလည်း လုံးဝပိုက်ဆံဘတ်လို့မရဘူးကွာ ... မအေးကလည်း ငါ့ကိုခေါက်ပြီး ဟိုလင်ရှိကျွန်ကိုပဲ အထင်တွေကြီးနေတာကွ ... တောက် ..."

"အေးပါထူးမောင်ရာ ... ငါ မင်းကိုတိုက်ပါ့မယ်"

"ပြီးတော့ ငါ ရပ်ကွက်ထဲကဆိုင်မှာမသောက်ချင်ဘူးကျော်စွာ၊ ဒီရပ်ကွက်ထဲကမျက်ခွက်တွေ ငါတစ်ယောက်မှ မတွေ့ချင်ဘူး ... မင်း ငါ့ကို မြို့ထဲမှာ လိုက်တိုက် ..."

"ဟာ ... အရက်သောက်ရုံပဲဆိုရင်တော့ မြို့ထဲအထိမသွားပါနဲ့ကွာ ... လမ်းဆုံလောက်မှာသောက်ရင်ရပါတယ် ..."

"အရက်သောက်ရုံပဲမဟုတ်ဘူးကျော်စွာရ ... ဒီမှာတွေ့လား ဒါလေးကို မြို့ထဲသွားဖျောမလို့ ..."

ထူးမောင်က ပြောရင်းနဲ့ သူ့လွယ်အိတ်ထဲက ဆိုနီအမျိုးအစား ရက်ကော်ဒါလေးကို ထုတ်ပြတယ်။ အဲဒီရက်ကော်ဒါလေးက အစက ထူးမောင်ဟာ မဟုတ်ဘူး။ ထက်ရာဇာဆိုတဲ့ ဂျာနယ်က သတင်းထောက်ကောင်လေးဥစ္စာ။ ရပ်ကွက်ထဲက အသုဘတစ်ခုမှာ ထက်ရာဇာ ဖဲရှုံးပြီး ထူးမောင်ဆီ ရောက်လာတာပါ ... ။ ကျော်စွာက မေးလိုက်တယ်။



"ထက်ရာဇာက ပြန်မရွေးတော့ဘူးဆိုတာ သေချာလို့လား"

"သေချာပါတယ်ကွ ... ဟိုနေ့ကတင် ထပ်မေးပြီးပြီ ..."

"အေး ... အဲဒါဆိုလည်း ငါတို့ မြို့ထဲကိုသွားကြတာပေါ့ ... မင်းကို ငါ မြို့ထဲမှာ လိုက်တိုက်မယ် ..."

"ဟော့ကောင် ကျော်စွာ ... ဝီနော် ..."

ထူးမောင်ပြောတဲ့ ဝီဆိုတာ ဝီစကီဟိုက်ခိုင်းတဲ့ သဘောမှန်း ကျော်စွာ သိပါတယ်။ ဒါကို ကျော်စွာက မသိချင်ယောင်ဆောင်ပြီး ...

"အေးလေ ... အခု မင်းနဲ့ ငါနဲ့ နှစ်ယောက်သွားသောက်မှာဆိုတော့ ဝီ (We)ပေါ့ကွ၊ အိုင် (I) ဘယ်ဟုတ်တော့မလဲ"

"အမ် ..."

ကျော်စွာစကားကြောင့် ထူးမောင်လည်း ကြောင်သွားတယ်။ သူပြောတာလည်း ဟုတ်တော့ဟုတ်တာပဲ။ ဒါပေမဲ့ ... မဟုတ်သေးပါဘူး။

လှမ်းကြည့်လိုက်တော့ ကျော်စွာ့မျက်နှာက မချိုမချဉ်နဲ့။ ဒီတော့မှ ထူးမောင်လည်း သူ့ကို ကျော်စွာ နောက်နေမှန်း သဘောပေါက်သွားတယ်။

"ကျော်စွာ ... အခုမှလာပြီး ရှုးချင်ယောင်ဆောင်မနေနဲ့ ... မြို့ထဲရောက်တာနဲ့ ငါ့ကို ဝီစကီတိုက်ဖို့ပြင်ထား ... လာ ... အချိန်ရှိတုန်းလေး သွားကြမယ် ..."

ကျော်စွာက ထူးမောင်ကို ရလိုရငြား ဈေးဆစ်ကြည့်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ဝိဆို အရမ်းကုန်မှာ ထူးမောင်ရ … အသွားအပြန် တက္ကစီခက ရှိသေးတယ် … "

"အဲဒါဆိုရင် အသွားရော၊ အပြန်ပါ ဘတ်စ်ကားပဲစီးမယ် … ဟုတ်ပြီလား … မင်းကို ငါ မအေးအကြောင်းတွေ ရင်ဖွင့်ချင်လို့ပါ။ မင်း ကဗျာရေးတဲ့အခါ စာသားတွေရတာပေါ့ … မိန်းမတွေဆိုတာ တစ်ယောက်မှကို မကောင်းဘူးကွ … "

"အင်း … တခြားမိန်းမတွေတော့ မသိဘူးပေါ့ ထူးမောင်ရာ၊ ဒါပေမဲ့ မင်းညီမကတော့ တော်တော်ကောင်းတယ်ကွ သိလား … "

ထူးမောင်လည်း ကျွဲမြီးတိုသွားတယ်။ သူ့ညီမက တစ်လ လောက် ကျော်စွာ့မိန်းမ ဖြစ်ခဲ့ဖူးတာကိုး … ။ ခံပေါ့ … ။ ထူးမောင် က သူ့ကို မျက်ထောင့်နီကြီးနဲ့ ကြည့်ပြီးပြောတယ်။

"ဟေ့ကောင် … မင်း ငါ့ကို ရန်စနေတာများပြီနော် … ဝီစကီ မျက်နှာနဲ့ သည်းခံနေတာ … အဟုတ်မှတ်မနေနဲ့ … "

"အဲဒီလို သည်းမခံနိုင်ရင် မနက်ဖြန်ကျတော့ မင်း ငါ့ကို ပြန် တိုက်လိုက်ပေါ့ ထူးမောင်ရ … ရက်ကော်ဒါရောင်းပြီးရင် မင်း ငွေဝေ ပြီပဲဥစ္စာ … "

"အေး … တိုက်မယ်ကွာ … "

"ပြီးရော … "

အဲဒါနဲ့ နှစ်ယောက်သား အပေးအယူတည့်ပြီး မြို့ထဲကို ဘတ်စ် ကားနဲ့ ထွက်လာကြပါတယ်။ မြို့ထဲရောက်တော့ ထူးမောင်လည်း သူ့ရက်ကော်ဒါလေးကို လိုက်ရောင်းပါတော့တယ်။ ဒါပေမဲ့ ပေးတဲ့ဈေး



က အရမ်းနည်းနေတယ်။ ကြည့်ရတာ ခိုးရာပါပစ္စည်းမှတ်ပြီး ဈေးနှိမ် တယ် ထင်ပါရဲ့။

ခိုးရာပါပစ္စည်း မဟုတ်ဘူး။ ဖဲဝိုင်းက နိုင်လာတာပါဆိုရင်လည်း နောက်ထပ် အမှုတိုးမဲ့အပေါက်မို့ ဘာမှပြောမနေတော့ဘဲ သူက အဲဒီ ရက်ကော်ဒါလေးကို မရောင်းဖို့ ဆုံးဖြတ်လိုက်ပါတော့တယ်။

ရက်ကော်ဒါရောင်းဖို့ကိစ္စ အဆင်မပြေပေမဲ့ ဝီစကီသောက်ဖို့ ကတော့ အဆင်ပြေသွားပါတယ်။ မောရှေလီမှာ သူတို့နှစ်ယောက် ဝီစကီကို ဝီခေါ်အောင်သောက်ပြီးသကာလ လိုင်းကားတွေရှိတုန်း အိမ်ပြန်ကြဖို့ စီစဉ်ကြရပြန်တယ်။ ညရှစ်နာရီထိုးပြီဆိုတော့ ဘတ်စ်ကား တွေ အကုန်လုံးနီးပါးဟာ ကြပ်ညက်လို့နေပါတယ်။

ကျော်စွာက ထူးမောင်ကို ပြုတ်ကျမသွားအောင် လက်တစ် ဘက်နဲ့ထိန်းပြီး ကျန်တစ်ဘက်က တန်းကို ကိုင်ဆွဲထားရပါတယ်။ ထူးမောင်တစ်ယောက် တော်တော့်ကို မူးနေပြီ။ ဘတ်စ်ကားက ဒိုင် နာကားဆိုတော့ စပယ်ယာက ထူးမောင်ကို အပေါက်ဝမှာ တွယ်မစီးဖို့ ပြောပါတယ်။ နှစ်ယောက်စလုံး မူးနေတာပေမဲ့ ကျော်စွာက ကိုယ့် ကိုယ်ကိုယ် ထိန်းနိုင်တယ်။ ထူးမောင်ကတော့ ခေါင်းကို စိုက်နေပြီ။

နောက်ဆုံးမှာ စပယ်ယာက ထူးမောင်ကို ငေါက်ငမ်းပါတော့ တယ်။

"ဟောဒီက အစ်ကို … အပေါက်ဝ ဗိုတ်မရပ်ပါနဲ့ဆိုတာကို ပြော မရဘူး … ပြီးတော့ အရမ်းမူးနေတာ … အခန့်မသင့်ရင် အပေါက်ဝက

www.burmeseclassic.com

www.burmeseclassic.com



နေ လွင့်ထွက်သွားမယ် … ခင်ဗျားသေသွားရင် ကျွန်တော်တို့ပါ အမှုပတ်မှာဗျ … နားလည်လား … ”

ထူးမောင်က မူးမူးနဲ့ ခေါင်းကို ရမ်းပြတယ်။ စပယ်ယာလည်း ပိုပြီး စိတ်ဆိုးသွားတာပေါ့။

“ဒီမှာ … ခင်ဗျားကို အထဲဝင်စီးလို့ပြောနေတာ … ဒီအပေါက်လေးနဲ့ လုပ်စားနေရတာ အပေါက်ဝမှာ ပိတ်မနေပါနဲ့ဆိုတာကို လူလိုပြောလို့နားမလည်ဘူးထင်တယ် … ”

စပယ်ယာက တော်တော်တင်းနေပြီ။ ကျော်စွာလည်း ထူးမောင်ကို နေရာချင်းလဲပြီး အထဲရောက်အောင်လုပ်ဖို့ စဉ်းစားလိုက်မိတယ်။ အဲဒီအချိန်မှာ ထူးမောင်က လွယ်အိတ်ထဲမှာပါလာတဲ့ ရက်ကော်ဒါလေးကို ခလုတ်နှိပ်လိုက်ပြီး သူ့ကို မြည်တွန်တောက်တီးနေတဲ့ စပယ်ယာရဲ့ ပါးစပ်နားမှာ တေ့ထားလိုက်တယ်။

ဒီတော့ စပယ်ယာလည်း အူကြောင်ကြောင်ဖြစ်ပြီး ဘာဆက်ပြောရမှန်းမသိ ဖြစ်သွားတာပေါ့။ သူပြောဆိုနေတာတွေကို အသံဖမ်းနေတာဆိုတော့ ထူးမောင်ကိုလည်း ဘာကောင်လဲဆိုပြီး နည်းနည်းရှိန်သွားတယ်။ အဲဒီမှာ ထူးမောင်က အာလေး လျှာလေးကြီးနဲ့ စပယ်ယာကို ပြောလိုက်တယ်။

“ဟေ့ကောင် … မင်း ပြောစရာရှိတာတွေ အကုန်သာပြောငါ အခု မူးနေလို့ နားမထောင်နိုင်သေးဘူး … ဒါပေမဲ့ ဒီမှာ အသံဖမ်းထားတယ် … မနက်ကျမှ ပြန်ထောင်မယ် … ဟုတ်ပြီလား … ပြောပြောစရာရှိတာ အကုန်ပြော … ”



ထူးမောင်စကားကြောင့် ကားပေါ်က ခရီးသည်တွေလည်း ကားကြပ်တဲ့ကြားထဲက ပြုံးစိစိဖြစ်သွားကြတယ်။ စပယ်ယာလည်း ခေါင်းလေးကုတ်ပြီး ကားခတောင်းတာရယ်၊ မှတ်တိုင်အော်တာရယ် ကလွဲရင် ဘာအပိုစကားမှ မပြောတော့ပါဘူး။

ထူးမောင်ဆိုတဲ့ကောင်က အရက်မူးနေတဲ့ကြားက အဲဒီလို အိုင်ဒီရော်လော်ဂျီ (Ideology) အဆင့်မြင့်တာ … ။ ဒါကြောင့် ဘယ်မိန်းမကမှ ဒီကောင့်ကို မကြိုက်တာဖြစ်မယ်။

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ဘုတ်ဘုတ်နဲ့ ကျော်စွာစိုးသန်းတို့ရဲ့ သတင်းကို ဘယ်သူတွေက ဘယ်လိုစဖြန့်လိုက်တယ် မသိဘူး။ ရပ်ကွက်ထဲမှာ လူတိုင်းပြောတဲ့ သတင်းတစ်ပုဒ် ဖြစ်နေတာတော့ အမှန်ပဲ။

အဲဒီလို သတင်းကြီးသွားပေမဲ့ သူတို့နှစ်ယောက်က အရင်လို သွားလာနေထိုင်ကြဆဲပါ။ သူမကို အိမ်ကလူကြီးတွေက ကျော်စွာနဲ့ မပတ်သက်ဖို့ ပိတ်ပင်တားမြစ်ခြင်း လုံးဝမရှိဘူး။ သူတို့သမီးကို သူတို့ယုံတယ်ဆိုတဲ့သဘောမျိုး ယူဆရင်လည်းရပါတယ်။ အခုကိစ္စမှာ ဘုတ်ဘုတ်တို့မိဘတွေရဲ့ ကိုင်တွယ်ပုံကို သူတို့တစ်ရပ်ကွက်လုံးက အံ့သြမဆုံးဖြစ်နေကြပါတယ်။

တခြားအဆင့်အတန်းတွေ၊ ဘာတွေ မခွဲခြားတတ်ဘူးဆိုရင်တောင် ကိုယ့်သမီးအပျိုနုနုထွတ်ထွတ်လေးကို ကျော်စွာစိုးသန်းလို မူးဆိုးဖိုတစ်ယောက်နဲ့ မဖြစ်ရအောင် တားဆီးသင့်တာပေါ့။ အခုတော့

www.burmeseclassic.com

www.burmeseclassic.com



အဲဒီလိုမဟုတ်တဲ့အပြင် ဘုတ်ဘုတ်တို့အိမ်ကို ကျော်စွာက ဝင်ထွက် သွားလာပြီး ရွှေလမ်း၊ ငွေလမ်းတောင် ပေါက်နေသေးတယ်။

သူတို့နှစ်ယောက်ရဲ့ ဆက်ဆံရေးကလည်း သူမဆီက အဖြေပြတ် မရသေးတာကလွဲရင် ပြေပြေလည်လည် ကြည်ကြည်နူးနူးပါပဲ။ ကျော်စွာတစ်ယောက် အရင်လို ဖိုသီဖတ်သီမနေတော့ဘဲ သပ်သပ်ရပ်ရပ် ဝတ်စားလာတယ်။ ပြီးတော့ သူ့မျက်နှာက အမြဲပြုံးရွှင်ချိုမြလို့၊ တက်ကြွလန်းဆန်းလို့။

ဒီအဆင်နဲ့ ဒီအဆင်ကို သူငယ်ချင်းတွေဆိုတော့ ဘယ်သူက ယုံမှာလဲ။ ဟုတ်တယ်မှတ်လား။ သူတို့နဲ့ အနီးကပ်ပေါင်းနေတဲ့ စန်းမွန်အောင်တောင် ဘုတ်ဘုတ်ကို သိပ်မသင်္ကာချင်သလိုဖြစ်လာတယ်။ ဘုတ်ဘုတ်ကလည်း ကျော်စွာနဲ့ စကားပြောနေရရင် ပျော်နေတာပဲ။

တစ်ရက် ... ကျော်စွာ၊ ဘုတ်ဘုတ်၊ စန်းမွန်အောင်တို့ဟာ လမ်းဆုံက ထိုင်နေကျ 'ရွှေကျေး'ဆိုတဲ့ လက်ဖက်ရည်ဆိုင်လေးမှာ ရှိနေတုန်း ကိုသန်းအောင်နဲ့ ထူးမောင်တို့နှစ်ယောက် ရောက်လာကြတယ်။ ဒီတော့ တစ်ဝိုင်းတည်း ထိုင်ဖြစ်ကြတာပေါ့။ ထူးမောင်က ဘုတ်ဘုတ်ရဲ့အချစ်ကို လက်လျှော့ပြီး မအေးကို ပြောင်းလိုက်ခဲ့တဲ့အတွက် နည်းနည်းပါးပါးတောင် မျက်နှာပူပုံမရဘူး။ သူ့မျက်နှာက သံမဏိမျက်နှာဖုံး တပ်ထားသလိုပဲ။ အေးစက်မာကျောနေလိုက်တာ။ ကိုသန်းအောင်ကြီးပါလာတော့ ကျော်စွာကပဲစပြီး ဧည့်ဝတ်ပြုလိုက်ပါတယ်။



"လာ ... ကိုသန်းအောင်ကြီး ... ထိုင် ... ပေါ့ကောင် ... ထူးမောင် မင်းရော ဘာသောက် ... "

ကိုသန်းအောင်က ကျော်စွာကို ဝင်ဖောက်လိုက်ပါတယ်။

"ကိုကျော်စွာက ကျွန်တော့်ကို ထိုင်ရုံပဲထိုင်ခိုင်းတယ် ... သူ့ယောက်ဖထူးမောင်ကျတော့ ဘာသောက်မလဲတဲ့ ... လုံးဝမတရားဘူး ... "

ကိုသန်းအောင် စကားကြောင့် သူတို့အားလုံး ပြုံးသွားကြတယ်။ ကျော်စွာက ပျာပျာသလဲနဲ့ ...

"အဲဒီလိုမဟုတ်ပါဘူးဗျ ... ကျွန်တော့်စကားက နှစ်ယောက်စလုံးကို ရောပြီးပြောလိုက်တာမို့ပါ ... "

ထူးမောင်ကလည်း အတည်ပေါက်နဲ့ ဝင်ပြောလိုက်ပြန်တယ်။

"ကျော်စွာ့စကားအတိုင်းဆို ကျွန်တော်က ဒီမှာမထိုင်ဘဲ မတ်တတ်ရပ်ပြီး သောက်ရမဲ့သဘောရှိတယ် ... ဟဲဟဲ ... "

မထင်မှတ်ဘဲ ရယ်သံတွေ ပွင့်လွင့်လို့သွားပါတယ်။ ကျော်စွာက ...

"ကဲ ... ကျွန်တော် ထပ်ပြီးတောင်းပန်ပါတယ်၊ နှစ်ယောက်စလုံး ထိုင်လည်းထိုင်ပါ ... သောက်လည်းသောက်ပါဗျာ ... ဟုတ်ပြီလား ... "

"လက်ဖက်ရည်ချိုစိမ့်တစ်ခွက် ... "

"ကျွန်တော်က ပုံမှန်ပဲ ... "

သူတို့နှစ်ယောက် လက်ဖက်ရည်မှာသောက်တာကိုကြားတော့

www.burmeseclassic.com

www.burmeseclassic.com



ကျော်စွာစိုးသန်းက ကိုသန်းအောင်ကို မေးတယ်။

"ကိုသန်းအောင်က ချိုစိမ့်မှာတာနော် ... ဒါဆို အချိုကြိုက်တယ်ပေါ့ ... "

"ဟုတ်တယ် ကိုကျော်စွာ ... ကျွန်တော် အချိုကြိုက်တယ်ပဲ ပြောရမှာပေါ့ ... "

အဲဒီမှာ ဘုတ်ဘုတ်က ဘေးကနေ တွေးတွေးဆဆ ဝင်ပြောပါတယ်။

"အချိုအရမ်းကြိုက်တာ မကောင်းဘူးနော် ကိုသန်းအောင် ... အသက်ကြီးလာရင် ဆီးချိုရောဂါဖြစ်လိမ့်မယ် ... အခု ဘုတ်ဘုတ်အမေဆိုရင် ငါးဆယ်တောင် မပြည့်သေးဘူး ... ဆီးချိုစဖြစ်နေပြီ ... "

"ဟုတ်လား ... အန်တီမှာ ဆီးချိုဖြစ်နေပြီလား ... ဘုတ်ဘုတ်က ဘယ်လိုလုပ်သိတာလဲ ... "

ထူးမောင်ရဲ့မေးခွန်းကို ဘုတ်ဘုတ်မဖြေခင် ကျော်စွာစိုးသန်းက ကောက်ကာငင်ကာ ဝင်ပြောချလိုက်ပါတယ်။

"ဒါများကွာ ... မေးနေရသေးလား ... ဘုတ်ဘုတ်က ကိုယ်တိုင် မြည်းကြည့်ထားတာဖြစ်မှာပေါ့ ... "

"ရှမ် ... "

သူတို့ဝိုင်းမှာ ရယ်သံတွေ ဆူညံသွားပါတယ်။ ကျော်စွာ နောက်လိုက်တာ ဘုတ်ဘုတ်ရဲ့ပါးနှစ်ဘက်စလုံး ရဲသွားတာပဲ။ သူမ အဲဒီလို ရှက်နေရင် သိပ်ချစ်ဖို့ကောင်းမှန်း ကျော်စွာရော၊ ထူးမောင်ပါ သိသွားကြပါတယ်။



ကိုသန်းအောင်ဆို အားရပါးရကြီးကို အော်ရယ်တာ။ ထူးမောင်နဲ့ စန်းမွန်အောင်တို့ကလည်း တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး ရယ်မောရွှင်မြူးနေကြတယ်။ ကျော်စွာက ထူးမောင်နဲ့ စန်းမွန်အောင်တို့ အခုလို ရင်းနှီးနေတာကိုမြင်တော့ သူ့ဦးနှောက်မှာ လင်းခနဲ တစ်ချက်ဖြစ်သွားတယ်။ ဟိုတစ်နေ့က အင်းလျားကန်ဘောင်ပေါ်ကို ထူးမောင် လိုက်လာနိုင်တာ စန်းမွန်အောင် သတင်းပေးလို့ကိုး။ ကြည့်ရတာ ... စန်းမွန်အောင်က သူတို့နှစ်ယောက်စလုံးကို ခွချက်နေပြီ ထင်ပါရဲ့။

ကျော်စွာစိုးသန်းရဲ့အပြုံးကြောင့် စန်းမွန်အောင်လည်း မလုံမလဲဖြစ်သွားတယ်။ ဖြစ်မှာပေါ့ ... သူက မဟုတ်တာလုပ်ထားတာကိုး ... ။ ဒါပေမဲ့ စန်းမွန်အောင်က ချက်ချင်းပဲ ဣန္ဒြေပြန်ဆည်လိုက်ပါတယ်။

ကိုယ်လုပ်ခဲ့တဲ့ လုပ်ရပ်အပေါ် လိပ်ပြာမသန့်တဲ့လူတွေဟာ အဲဒီလိုမျိုး ဟန်ဆောင်ကောင်းတတ်ကြတယ် မဟုတ်လား။

အဲဒီအချိန်မှာ ရုတ်တရက် ကိုသန်းအောင်က ကျော်စွာကို မေးခွန်းတစ်ခွန်း မေးချလိုက်တယ်။

"ကိုကျော်စွာနဲ့ ဘုတ်ဘုတ်က အခုတလော သတင်းကြီးနေတယ်နော် ... ဘယ်တော့ စားရမှာလဲ ... "

ကိုသန်းအောင်ရဲ့ မေးခွန်းအဆုံးမှာ အဖြေနှစ်ခုက ရှေ့ဆင့်နောက်ဆင့်ဆိုသလို ပြိုင်တူထွက်ပေါ်လာပါတယ်။

"မပြောပြဘူး ... "

www.burmeseclassic.com

www.burmeseclassic.com



"ဒါတော့ ဘယ်ပြောမလဲ ... "

အဲမယ် ... ။ နှစ်ယောက်သား စိတ်ချင်းဆက်ထားသလား အောက်မေ့ရတယ်။ အဖြေတွေက စကားလုံးသာ မတူတာ။ အဓိပ္ပာယ်တွေက အတူတူပဲ။ သူတို့နှစ်ယောက် မျက်နှာပြောင်လိုက်တာကို ကိုသန်းအောင်က ဘယ်လိုထင်သွားတယ် မသိဘူး။ စကားကို အတည်ပေါက်ကြီး ပြောပါတော့တယ်။

"အစီအစဉ်ရှိနေပြီဆိုရင် နှစ်ယောက်စလုံး ပိုက်ဆံစုကြတော့"

တဲ့။

အဲဒါကို ထူးမောင်က ဝင်ပြီး ...

"ကျော်စွာ့မှာ ပိုက်ဆံစုထားတာရှိတယ် ... ပိုက်ဆံတွေကို သူက ဓါးကွက်ရုပ်စုဘူးထဲမှာ ထည့်ထားတာ ... "

တယ်ဟုတ်ပါလားဆိုတဲ့ အဓိပ္ပာယ်နဲ့ ဘုတ်ဘုတ်က သူ့ကို လှမ်းကြည့်တယ်။

တစ်အိမ်ထဲအတူနေတဲ့ ထူးမောင်က ဖော်ကောင်လုပ်တာဆိုတော့ ကျန်တဲ့လူတွေလည်း ယုံရမလို ဖြစ်သွားကြတာပေါ့။ ထူးမောင် ပြောတာက ဟုတ်လည်းဟုတ်တယ်။ ဟုတ်လည်း မဟုတ်ဘူး။

ဟုတ်တယ်ဆိုတာက ဓါးကွက်ရုပ်စုဘူးနဲ့ ပိုက်ဆံစုတယ်ဆိုတာ ဟုတ်တယ်။ ကျော်စွာက သူ ကဗျာစာမူခရထားသမျှ ပိုက်ဆံတွေကို အဲဒီစုဘူးထဲမှာ ထည့်ထားတာ ... ။ မဟုတ်ဘူးဆိုတာက အဲဒီပိုက်ဆံတွေဟာ သူတို့ထင်သလို မင်္ဂလာဆောင်ဖို့၊ ဘဝတစ်ခုကို ထူထောင်ဖို့ စုထားတာ မဟုတ်ဘူး။ စာအုပ်တွေဝယ်ဖို့ပါ။



ကိုသန်းအောင်က အဲဒါကို ဘုမသိ ဘမသိနဲ့ ဝင်ပြီး ...

"ဟုတ်ပြီ ... အဲဒီလိုစုနေပြီဆိုလည်း ရှိတဲ့ပိုက်ဆံနဲ့ အိမ်ပိုင်လေးတစ်အိမ်လောက် အရင်ဝယ်ထား ... ငွေကြေးဖောင်းပွမှုနှုန်းက အရမ်းမြန်တော့ လက်ထဲမှာ ငွေသားထားမဲ့အစား ခိုင်မာတဲ့ပစ္စည်းတစ်ခုခု ဝယ်ထားသင့်တယ်ကွ ... "

ကိုသန်းအောင်ရဲ့ အကြံပေးချက်အဆုံးမှာ သူ့ကိုနှိပ်ကွပ်ဖို့ ထူးမောင်က အကွက်တွေ့သွားပါတော့တယ်။ ထူးမောင်က မဆိုင်းမတွဘဲ

"ရမယ်၊ ကျော်စွာပိုက်ဆံစုတဲ့ စုဘူးလေးက တစ်ထွာလောက်လေးရှိတာ ... အဲဒီစုဘူးထဲက ပိုက်ဆံနဲ့ဆိုရင် အပြင်မှာ လူနေတဲ့အိမ် မပြောနဲ့ ... မိုနိုပိုလီထဲကအိမ်တောင် မရဘူး ... "

ထူးမောင်ရဲ့စကားအဆုံးမှာ ရယ်သံတွေ ဝါးခနဲဖြစ်သွားပါတယ်။ အထူးသဖြင့် ဘုတ်ဘုတ်နဲ့ စန်းမွန်အောင်တို့နှစ်ယောက်က အဆိုးဆုံးပဲ။ မိုက်နှိပ်ပြီးတော့ကို ရယ်ကြတာ ... ။ ထူးမောင်ဆိုတဲ့ကောင်က ဝင်သင့်ပြီဆိုရင် သူ့ကို အဲဒီလို အရှက်ခွဲနေကျပါ။ သူက အံကိုတစ်ချက်ကြိတ်လိုက်တယ်။

အေး ... လုပ်ထားဦးပေါ့ ထူမောင်ရာ ... ထင်းခွေမကြုံသေးရင် ရေခပ်တော့ ကြုံဦးမှာပေါ့။

တကယ်တမ်း သေချာပြန်စဉ်းစားကြည့်ရင် ထူးမောင်ပြောတာ မလွန်ပါဘူး။ ဟုတ်တယ်လေ ... သူ့ဓါးကွက်စုဘူးထဲက ပိုက်ဆံတွေ အကုန်ပေါင်းမှ နှစ်သောင်းလောက်ပဲရှိဦးမှာ ... ဒီပိုက်ဆံလောက်နဲ့ ဘယ်ကအိမ်ကို ဝယ်ရမှာလဲ။

www.burmeseclassic.com

www.burmeseclassic.com



ဘာပဲဖြစ်ဖြစ် အပြားခံလိုက်ရတော့ သူလည်း ရှက်သွားတာပေါ့။ မြန်မာပြည်မှာ ဘယ်သူမှ ကဗျာစာမူခနဲ့ အိမ်ဝယ်လို့မရနိုင်တာတော့ သေချာပါတယ်။

✦✦✦

[ ၁၀ ]

www.burmeseclassic.com

www.burmeseclassic.com

အခုတလော … ဘုတ်ဘုတ်တစ်ယောက် ပျာပျာပျာပျာနဲ့ ဆတ်စလူးထလို့ နေပါတယ်။ အချစ်နဲ့ တွေ့ကာစ ချာတိတ်မတွေဆိုတာ အဲဒီလိုပါပဲ။ ကိုကျော်စွာ … ကိုကျော်စွာနဲ့ အဲဒီ မုဆိုးဖိုကောင်ကို ဒီလောက်သည်းသည်းလှုပ်နေတော့ စန်းမွန်အောင်လည်း မျက်စိနောက်လှပြီ။

ဘုတ်ဘုတ်က ကျော်စွာစိုးသန်းကို စိတ်ထဲက တစ်နေ့ဆယ်ခါလောက် ကျိန်ဆဲနေတာ … ။ ဘာဖြစ်လို့လဲဆိုတော့ လူကို ဟိုတစ်ခါ ညည်းစားစကားပြောပြီးကတည်းက အခုအချိန်ထိ အဖြေမတောင်းတာကြောင့်ပါ။ နှစ်ယောက်ထဲလည်း မကြာခဏတွေ့နေတာပဲ။ အခွင့်အရေးမပေးလို့ အဖြေမတောင်းတာတော့ မဖြစ်နိုင်ဘူး။ ဒါမှမဟုတ် ဟိုတစ်ခါ သူ ရည်းစားစကားပြောတာကို ကဗျာမဆန်ဘူးလို့ ရှောင်သိုက်မိလို့များလား။ အင်း … ဒါလည်းမဖြစ်နိုင်ပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



ငါ့ရုပ်ရည်ပြောင်းသွားပြီး မလှတော့လို့လား။ ဘုတ်ဘုတ်က အဲဒီအတွေးကြောင့် ချက်ချင်း မှန်ရှေ့မှာ သူမကိုယ်သူမ သေချာကြည့်ပါတယ်။ ဟိုဘက်လှည့်လိုက်၊ ဒီဘက်လှည့်လိုက်၊ ဟိုလိုလုပ်ကြည့်လိုက်၊ ဒီလိုလုပ်ကြည့်လိုက် ... နဲ့။ လွန်ခဲ့တဲ့ သုံးလလောက်ကနဲ့ အခုနဲ့ ဘာမှ သိပ်မကွာခြားလှပါဘူး။

"ဟဲ့ ... စန်းမွန်အောင် ... ဘုတ်ဘုတ် လှသေးရဲ့လားလို့ သေချာကြည့်ပေးစမ်းပါ ... "

"ဘာလို့မလှရမှာလဲ လှမှလှ ... ဒီရုပ်ရည်နဲ့ ဒီကိုယ်လုံးအချိုးအစားနဲ့ဆိုရင် သူ့လို မုဆိုးဖိုကဗျာဆရာ မပြောနဲ့၊ ဒေးဗစ်ဘက်ခမ်းတောင် ကြွေသွားနိုင်တယ် ... "

ဘုတ်ဘုတ်က သူမကို စန်းမွန်အောင် ပိုပိုသာသာ မြှောက်ပြောလိုက်တာမှန်း သိသိကြီးနဲ့ ကျေနပ်သာယာသွားပါတယ်။ ဒေးဗစ်ဘက်ခမ်း မကြွေရင်နေပါ။ ကျော်စွာ သူမကို အဖြေတောင်းရင် ဘုတ်ဘုတ်အတွက် လုံလောက်သွားပါပြီ။ ဘုတ်ဘုတ်က မှန်ရှေ့မှာ တစ်ပတ်ပတ်ပြီး ထပ်ကြည့်တယ်။

သူမရဲ့အလှကို ကျော်စွာ သတိထားမိဖို့က အရေးကြီးတယ် မဟုတ်လား။ နဂိုထက်ပိုလှမလာရင်တောင် နည်းနည်းမှ အလှလျော့သွားလို့မဖြစ်ဘူး။

ဘုတ်ဘုတ်က ... 'ရုပ်ဆိုး' မှာစိုးလို့ သူမ အလွန်ကြိုက်တဲ့ 'တုတ်ထိုး'တောင် မစားတော့ပါဘူး။ ဘာမှမဆိုင်သလိုရှိပေမဲ့ နဘေထပ်နေတော့ ဆိုင်ချင်ဆိုင်သွားနိုင်တယ်။ အခုခေတ်ကြီးက ဘာမှပြော



လို့ရတာ မဟုတ်ဘူး။ ဒီတော့ ကြိုတင်ကာကွယ်ထားမှ တော်ကာကျမှာ ... ။

အခုလည်း စန်းမွန်အောင်က ဘုတ်ဘုတ်ကိုကြည့်နေရင်း မနာလိုဝန်တိုစိတ်တွေ ဝင်လာပါတယ်။ ဒါပေမဲ့ ဒီတစ်ခါ အရင်လိုမဟုတ်ဘူး။ နည်းနည်းဆန်းတယ်။ အရင်က မနာလိုဝန်တိုစိတ်ဆိုတာ ဘုတ်ဘုတ် တခြားတစ်ယောက်နဲ့ ရည်းစားဖြစ်သွားရင် သူမအပေါ် လျော့သွားမှာစိုးလို့ အဲဒီကောင်ကို မနာလိုဖြစ်တယ်။ ပြီးတော့ ဘုတ်ဘုတ်ကို အဲဒီကောင်က ရည်းစားသဘာဝ လက်ကိုင်တာတို့၊ နမ်းရှုံ့တာတို့ လုပ်မှာစိုးပြီး သဝန်တိုတယ်။

အခု စန်းမွန်အောင်ဖြစ်နေတဲ့ မနာလိုဝန်တိုစိတ်က ဘုတ်ဘုတ်ရဲ့အလှကို မနာလိုဘူး။ ကျော်စွာစိုးသန်းတို့၊ ထူးမောင်တို့လိုကောင်တွေကို ဘုတ်ဘုတ်နဲ့ ငြိသွားမှာ သဝန်တိုနေမိတယ်။

အဲဒါပဲ။ ဟိုလိုလို၊ ဒီလိုလိုကောင်တွေ ဓာတ်ရှုပ်တယ်ဆိုတာ။ လောကကြီးမှာ ယောကျ်ားနဲ့ မိန်းမ နှစ်မျိုးပဲရှိတာ။ သူတို့ကိုယ်သူတို့ ဘယ်ဘဝမှာနေရမလဲဆိုတာ မသိရှာဘူး။ ဒါတောင် မသိတာ၊ တခြားအရာတွေဆိုရင် ဝေးပြီပေါ့။

ကဲ ... မခက်ဘူးလား။ ခက်တယ်။

www.burmeseclassic.com

www.burmeseclassic.com

[ ၁၀ ]

www.burmeseclassic.com

www.burmeseclassic.com

"တူ ... တူ ..."

တယ်လီဖုန်းမြည်သံကြောင့် ကျော်စွာရော၊ ထူးမောင်ပါ ခေါင်းထောင်သွားကြတယ်။ ဖုန်းကို သူကိုင်မလား၊ ငါကိုင်မလား ... ဆိုပြီး တစ်ယောက်နဲ့ တစ်ယောက် အကဲခတ်နေတုန်း ဒေါ်ခင်မျိုးဆင့်ကြီးက နောက်ဖေးခန်းကနေ ထွက်လာပြီး ဖုန်းကိုင်လိုက်ပါတယ်။

"ဟဲ့ ... ဘယ်သူလဲ ..."

အဲဒါ ဒေါ်ခင်မျိုးဆင့်ရဲ့ ဖုန်းဖြေတဲ့အသံပါ။ အဘွားကြီးက ဖုန်းဖြေရင် အဲဒီလိုပဲ ဖြေတတ်တယ်။ သားနဲ့ သမက်ကလည်း 'အမေ ... ဖုန်းလာရင် ဟယ်လိုလို့ပြောရတယ်' ဆိုပြီး သင်ပေးတာပဲ။ ဒါပေမဲ့ ဒေါ်ခင်မျိုးဆင့်က အဲဒါကို လက်မခံပါဘူး။ ဒေါ်ခင်မျိုးဆင့်ရဲ့ အကြောင်းပြချက်က အိမ်ကို ဖုန်းဆက်တဲ့လူတွေထဲမှာ ငါ့ထက်ကြီးတာ တစ်ယောက်မှ မရှိဘူးတဲ့ ... ပြီးရော ...

www.burmeseclassic.com

www.burmeseclassic.com



"ဘာ ... ဘယ်သူ ... စကားကို ကျယ်ကျယ်ပြောစမ်းပါ — ဒီမှာ ဘာမှသေချာမကြားရဘူး ... "

ဒေါ်ခင်မျိုးဆင့်က တစ်ဘက်လူကို သူမရဲ့လက်အောက်ငယ်သားတွေ၊ သူမကို အကြွေးဆပ်ရမဲ့လူတွေ ... လို့ပဲ သဘောထားပုံရပါတယ်။ ကျော်စွာနဲ့ ထူးမောင်တို့က အဘွားကြီး ဖုန်းပြောနေတာကို မသိမသာ နားစွင့်နေလေရဲ့။

"ဘယ်သူ ... ဘယ်သူ ... ဦးစိန် ... ဟုတ်လား ... ဩော် — ဦးစိန်ပြော ... ဘယ်သူနဲ့ စကားပြောချင်လို့လဲ ... "

" ........... "

အဘွားကြီးရဲ့အကြည့်တွေက သူတို့နှစ်ယောက်စီ ဝေ့ဝိုက်ပြီး ရောက်လာတယ်။

"ကျော်စွာရော၊ ထူးမောင်ရော မရှိဘူး ... နေစမ်းပါဦး ဦးစိန်ရဲ့ ... ရှင်က ကျွန်မသားနဲ့ သမက်ကိုမေးပြီးတော့ ဘာလုပ်မလို့လဲ။ ကလေးတွေကိုအတတ်ကောင်းတွေ သင်ပေးနေတယ်ပေါ့၊ ဟုတ်လား"

" ....... "

တစ်ဘက်က ဘာတွေပြန်ပြောနေတယ် မသိဘူး။ အဘွားကြီးက ငြိမ်ကုပ်ပြီး နားစွင့်နေတဲ့ သူတို့နှစ်ယောက်ဆီကို မျက်စောင်းတစ်ချက်လှမ်းထိုးတယ်။ ပြီးတော့ ဒေါ်ခင်မျိုးဆင့်က ဖုန်းကို သေချာ စူးစူးစိုက်စိုက် နားထောင်နေပြန်တယ်။ ခဏကြာမှ ...

"အေး ... အေး ပြောလိုက်မယ် ... ဟုတ်ပြီလား ... ဒါပဲ"

ဒေါ်ခင်မျိုးဆင့်က ဖုန်းကို ဒေါနဲ့ မောနဲ့ ဂွပ်ခနဲ ချပစ်လိုက်



တယ်။ နောက် သူမက သက်ပြင်းတစ်ချက်ချလိုက်ပြီး သူတို့ဆီကို ဦးတည်လာပါတော့တယ်။

"မင်းတို့နှစ်ယောက် ဦးစိန်ဆီက ပိုင်ဆံချေးထားတယ်ဆို ... ဟုတ်လား ... "

တွေ့လား။ ဦးစိန်က လုပ်ပြီ။ အဲဒါ ကျော်စွာတို့နဲ့ ဖုန်းမပြောရလို့ ဒေါ်ခင်မျိုးဆင့်ကြီးကို သက်သက်မဲ့ လျှောက်ပြောသွားတာ ...။ သူတို့နှစ်ယောက် ဖျတ်ခနဲ အကြည့်ချင်းဆုံသွားတယ်။ တစ်ယောက်နဲ့ တစ်ယောက် ဒီလောက်ဆိုရင် အချက်ပြပြီးသားဖြစ်သွားပြီ။ ထူးမောင်က ဝန်ခံလိုက်ပါတယ်။

"ဟုတ်ပါတယ် အမေ ... ကျွန်တော်တို့ ချေးထားပါတယ်"

"ဘာအသုံးလိုလို့ ဘယ်လောက်တောင် ချေးထားတာလဲ"

အဲဒီမှာ ကျော်စွာက မျက်နှာငယ်လေးနဲ့ ...

"ကျွန်တော်တို့ကို ခွင့်လွှတ်ပါ အမေ ... ကျွန်တော်တို့ အမေ့ကို မပြောရဲလို့ပါ ... "

သူ့စကားကြောင့် အဘွားကြီးလည်း ပြုံးပြုံးပျာပျာ ဖြစ်သွားတယ်။

"ဟဲ့ ... ပြောစမ်းပါ ကျော်စွာရဲ့ ... ဘာတွေဖြစ်ထားလို့ ငါ့ကို မပြောရဲရတာလဲ ... ရင်တွေပူလိုက်တာ ကျော်စွာရယ် ... ပြောစမ်းပါ။ သားတို့ကို အမေ လုံးဝမဆူဘူး ... ပြောပြ ... "

"အမေ တကယ်မဆူဘူးနော် ... "

"အေးပါ ... "

www.burmeseclassic.com

www.burmeseclassic.com



"ပြီးတော့ အဲဒီအကြွေးကိုလည်း ဆပ်ပေးရမယ် ... "

"အေး ... ဆပ်ပေးမယ် ... "

သူတို့သမီးယောက်ဖနှစ်ယောက်ပေါင်းပြီး ဒေါ်ခင်မျိုးဆင့်ကြီးကို ရှပ်ရှင်ရိုက်ကြပါတော့တယ်။ ထူးမောင်က ...

"ဒီလိုပါ အမေ ... ဟို ပြီးခဲ့တဲ့ သောကြာနေ့က ကျွန်တော်တို့နှစ်ယောက် ရဲမင်းသိန်းရဲ့ ဆိုင်ကယ်ကို ခဏယူမောင်းတာ ဝင်တိုက်မိလို့ ပိုက်ဆံငါးသောင်းခွဲ လျော်ပေးလိုက်ရတယ် ... အဲဒါ ဦးစိန်နှကကျွန်တော်တို့ကို ပိုက်ဆံချေးလိုက်လို့ ပြဿနာက ပြီးသွားတာ — မဟုတ်ရင် အခုလောက်ဆို ကျွန်တော်တို့ အချုပ်ထဲရောက်နေပြီ"

အဘွားကြီးက စိုးရိမ်တကြီးနဲ့ ...

"ဟယ် ... မသေကောင်း၊ မပျောက်ကောင်း သားတို့ရယ် — ဆိုင်ကယ်ကို ငါးသောင်းခွဲဖိုး လျော်ရတယ်ဆိုတော့ လူရော ဘာဖြစ်သွားသေးလဲ ... "

"လူက ဘာမှသိပ်မဖြစ်ပါဘူး ... နည်းနည်းပါးပါး ပွန်းရုံ၊ ပဲ့ရုံလောက်ပါပဲ ... "

"တော်ပါသေးရဲ့ကွယ် ... ဦးစိန်နှကို ကျေးဇူးတင်ရမယ် ... မင်းတို့က အမေ့ကို အဲဒါတွေ မပြောပြထားတော့ အမေလည်း ဘယ်သိမလဲ ... ဦးစိန်နှကို အရက်သောက်ဖို့ အဖော်ခေါ်တယ်ထင်ပြီး ပြောလွှတ်လိုက်တာ အားနာစရာကောင်းတယ် ... "

"ရပါတယ် အမေရာ ... ဦးစိန်နှက ကျွန်တော်တို့ ဘော်ဒါပဲ —



အေးဆေးပါ ... အမေသာ အကြွေးဆပ်လိုက် ... ကျွန်တော်တို့ဘာသာ ကြည့်ပြောပြီး တောင်းပန်လိုက်မယ် ... "

"အေး ... အေးပါကွယ် ... ပေးလိုက်ပါ့မယ် ... သူလည်း ငွေလိုလို့ဖြစ်မှာပေါ့ ... "

"ဟုတ်တယ် အမေ ... ဦးစိန်နှက သိပ်ရှိတာ မဟုတ်ဘူး ... ကျွန်တော်တို့ကို စေတနာနဲ့ ကူညီလိုက်တာ ... အမေ့လို အတိုးတွေ၊ ဘာတွေ ယူတာမဟုတ်ဘူး သိလား ... "

ထူးမောင်ကို အဘွားကြီးက ဘာမှမပြောဘဲ မျက်ထောင့်နီကြီးနဲ့ တစ်ချက်လှမ်းကြည့်တယ်။ ထူးမောင်ကလည်း အမေရော၊ ယောက်ဖရော၊ ဘာရော၊ ညာရော ... နားမလည်ဘူး။ ကြုံရင် ကြုံသလို နှိပ်ကွပ်လိုက်ရမှ စားဝင်အိပ်ပျော်တဲ့ကောင်။

အဲဒါနဲ့ ဒေါ်ခင်မျိုးဆင့်က ဦးစိန်နှကို အကြွေးဆပ်ဖို့ ပေးလိုက်တဲ့ ပိုက်ဆံငါးသောင်းခွဲကို ပိုက်ပြီး သူတို့နှစ်ယောက် ထွက်လာကြတယ်။

ဦးစိန်နှဆီကိုလည်းရောက်ရော ဘာပြောကောင်းမလဲ။ ဒေါ်ခင်မျိုးဆင့်ကို မဟုတ်တန်းတရားတွေ သွားလျှန်ရပ့်မလားဆိုပြီး တစ်ယောက်တစ်ပေါက် ဖိန့်နဲ့ ပိုင်းငေါက်လိုက်ကြတာ ... ။ ဦးစိန်နှက သူတို့ကို ပြန်တောင်းပန်ရှာပါတယ်။ နောက်ဆုံးတော့ ညနေကျရင် သူတို့ကို လမ်းဆုံက အသေးစားရက်စ်တောရင့်လေးမှာ တစ်ဝိုင်းကျွေးမယ်ဆိုတဲ့ ကတိနဲ့ ဈေးတည့်ပြီး ကျေအေးလိုက်ကြပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကျော်စွာနဲ့ ထူးမောင်ဆိုတာ အဲဒီလို နှစ်ဘက်စလုံးကို ရိုက်စားလုပ်ကြတဲ့ကောင်တွေ ...။ ရလာတဲ့ ပိုက်ဆံတွေကို အညီအမျှ ရှယ်ယာခွဲပြီး ဦးစိန် လိုက်တိုက်တဲ့အရက်ကို အသားကုန်သောက်ကြတာပေါ့။ ဒီမိပဲ။ ပိုက်ဆံကလည်း သူတို့အတွက် တစ်ပတ်စာလောက် ကောင်းကောင်းခိုင်သွားပြီလေ။

# [ ၁၂ ]

www.burmeseclassic.com

www.burmeseclassic.com

ဘုတ်ဘုတ်လေးက ကျော်စွာ့မျက်စိထဲမှာ အခုတလော ပိုလှလာသလိုပဲ။ သူ ဘုတ်ဘုတ်ကို ချစ်တယ်ဆိုတာ တစ်နေ့ထက်တစ်နေ့ ပိုပြီးသေချာလာပါတယ်။ ဒီလောက်လှတာ ... ကြိုက်တဲ့ကောင်တွေကလည်း များမှများ ... ။ သူများဦးသွားမှာလည်း စိုးရသေးတယ်။ (အဲဒီ သူများတွေထဲမှာ ထူးမောင်ကတော့ ခြွင်းချက်ပေါ့လေ။)

သူနဲ့ သူမ အခုလို ရင်းရင်းနှီးနှီးရှိကြပေမဲ့ ဘုတ်ဘုတ်ရဲ့ အချစ်ကိုတော့ ကျော်စွာ မမျှော်လင့်ရဲဘူး ... ။ သူ့ကဗျာတွေကို ကြိုက်တဲ့ ပရိသတ်တစ်ယောက် ဆိုတာထက် ပိုပြီး မတွေးရဲတာ အမှန်ပါ။ နောက်တစ်ခုက ဘုတ်ဘုတ်လေးက ပါးနပ်တွာယ်။ (ဥပမာ – သူ့ ညေးစားစကားပြောမှာကို ကြိုသိနှင့်နေတာမျိုးပေါ့။)

ကျော်စွာက သူ့အချစ်ကို သူမ လက်မခံလောက်ဘူးလို့ ယူဆ

www.burmeseclassic.com

www.burmeseclassic.com



ထားတယ်။ မိန်းကလေးတွေရဲ့ သဘောထားဟာ မှန်းဆရခက်တယ်။ အိမ်ထောင်တစ်ခါကျခဲ့ဖူးပေမဲ့ မိန်းကလေးတွေရဲ့ စိတ်အခြေအနေကို အကဲခတ်ရာမှာ သူက ညံ့ဖျင်းနေဆဲ။ သူ ခေါင်းကို ရမ်းလိုက်မိတယ်။

ချိတုံ့ချတုံ့ဖြစ်နေတဲ့ သူ့ကို ရှေ့တည့်တည့်မှာထိုင်နေတဲ့ ဘုတ်ဘုတ်က လက်နဲ့ လှမ်းပုတ်ပြီးတော့ မေးလိုက်ပါတယ်။

"ဟိတ် ... ကိုကျော်စွာ ... ဘာတွေစဉ်းစားနေတာလဲ"

"ဒီလိုပါပဲ ... ဘာရယ်မဟုတ်ပါဘူး ... "

"ကိုကျော်စွာက ဘုတ်ဘုတ်အကြောင်းတွေ စဉ်းစားနေတာ မှတ်လား ... "

( ! ! ! )

ဘုရား ... ဘုရား ... ။ ဒီကောင်မလေးဟာ မလွယ်ပါ့လား။ ရဲတင်းပွင့်လင်းလိုက်တာ။ ငါ စဉ်းစားနေတာကို သူမ ဘယ်လိုများ သိသွားပါလိမ့်။

အံ့သြပြီး ပြူးကြောင်ကြောင်နဲ့ ကြည့်နေတဲ့ ကျော်စွာကို သူမ သဘောကျသွားပုံရတယ်။ သူမက ရယ်ရင်း ထပ်ပြောလိုက်ပြန်ပါ တယ်။

"ခစ် ... ခစ် ... ခစ် ... ကိုကျော်စွာက ဘုတ်ဘုတ်ပြောတာ မှန်သွားလို့ အံ့သြနေတာလား ... "

ဒီတစ်ခါတော့ သူမရဲ့မေးခွန်းကို ကျော်စွာက ခေါင်းညိတ်ပြ လိုက်ပါတယ်။ ဟုတ်တယ်လေ ... သူမပြောတာ မှန်နေတာပဲဥစ္စာ။ ရိုးရိုးသားသား ဝန်ခံရတော့မှာပေါ့ ... ။



ဘုတ်ဘုတ်က ကျေနပ်သွားတယ်။ သူမအကြောင်းတွေကို ကျော်စွာက စဉ်းစားနေတယ်ဆိုတာကိုး ... ။ ပြီးမှ ဘုတ်ဘုတ်လည်း သူမကိုယ်သူမ ဆန်းစစ်ကြည့်မိတယ်။ သူမရဲ့စကားတွေက ယောကျ်ားလေးတစ်ယောက်ကို ရေလာမြောင်းပေးလုပ်သလိုများ ဖြစ်နေမလား။ အဲဒီလို တွေးလိုက်မိတော့ ဘုတ်ဘုတ်မျက်နှာတစ်ခုလုံး ပူနွေးလို့သွား ပါတယ်။

သူမ ရှက်နေတာကို ရိပ်မိသွားတဲ့ ကျော်စွာစိုးသန်းက အတွေ့အကြုံရှိသူပီပီ ဘုတ်ဘုတ်ကို ထိုးစစ်ဆင်ဖို့ စတင်လိုက်ပါတယ်။

"ဘုတ်ဘုတ်က အရမ်းလှတော့ ကျွန်တော် စိုးရိမ်တယ် ... "

"ဘာကိုစိုးရိမ်စရာရှိလို့လဲ ကိုကျော်စွာရဲ့ ... "

"ဩော် ... သူများနောက်ကို ပါသွားမှာ စိုးရိမ်တာပါ ... "

ဒီလိုကျတော့လည်း သူက စိုးရိမ်တတ်သားပဲ။ ဒီခေတ်ထဲမှာ မိန်းကလေးတစ်ယောက်ကို တစ်ခါရည်းစားစကားပြောပြီးရင် တဂျိဂျိနဲ့ အဖြေလိုက်တောင်းရတယ်ဆိုတာ ဒင်းက မသိဘူးထင်ပါရဲ့။ သူက တစ်ခါရည်းစားစကားပြောပြီးရင် တာဝန်ကျေပြီများ မှတ်နေသလား မသိဘူး။ အဖြေတောင်းဖို့လိုသေးတယ်ရှင့်။ အဖြေတောင်းဖို့လိုသေး တယ်။

သူမစိတ်ထဲက ပြောနေတာတွေကို ကျော်စွာ ဘာမှမကြားရှာ ပါဘူး။ ကျော်စွာ တကယ်ကြားလိုက်ရတာကတော့ ...

"သူများနောက်ပါစရာလား ... ဘုတ်ဘုတ်က အနားကို ဘယ် ကောင်မှ အကပ်ခံတာ မဟုတ်ဘူး ... ကိုကျော်စွာကိုသာ ...င်လို့"

www.burmeseclassic.com

www.burmeseclassic.com



ဘုတ်ဘုတ်ရဲ့စကားက သူ့စိတ်နှလုံးထဲကို ပန်းနုရောင်တွေ သန်းသွားစေပါတယ်။ ကျော်စွာက ပြောလိုက်တယ်။

"ဘုတ်ဘုတ်က သူများနောက်ကို မပါပေမဲ့ ကျွန်တော်ကတော့ သူများနောက်ကို ပါသွားပြီ ... "

သူ့စကားကြောင့် သူမ ထိတ်ခနဲ မော့ကြည့်လိုက်မိတယ်။ အကြည့်ချင်းဆုံသွားတော့ မျက်နှာမလွှဲဘဲ အကြာကြီးစိုက်ကြည့်နေမိကြပါတယ်။ ဘုတ်ဘုတ်ရဲ့ နှုတ်ခမ်းထောင့်စွန်းလေးတွေက တဆတ်ဆတ်တုန်လာတယ်။

"သူများနောက်ကို ပါသွားပြီ ... ဟုတ်လား ... "

"ဟုတ်တယ် ... "

"ဘယ်သူ့နောက်ကိုလဲဟင် ... "

"ဘုတ်ဘုတ်နောက်ကို ပါသွားတာလေ ... "

"အာ ... "

သူ့စကားကိုလည်းကြားရော၊ ဘုတ်ဘုတ်က ရှက်နေပြီးတော့ နှုတ်ခမ်းကို ဖွဖွလေးကိုက်ထားပါတယ်။ သူမရင်ထဲမှာ အပျော်တွေနဲ့ ရင်ခုန်သံတွေက တစ်လှည့်စီ ဝုန်းဒိုင်းကြဲနေပြီလေ ... ။

ဒီတစ်ခါတော့ ကျော်စွာက ရည်းစားစကားပြောတုန်းကလို တုံးတုံးကြီး မဟုတ်တော့ပါဘူး။ သူလိုချင်တဲ့ စကားကိုရောက်အောင် ပါးပါးလှပ်လှပ်လေး ခေါ်သွားတာ ... ။ ကျော်စွာက သူမကို ခပ်ရူးရူး တစ်ချက်စိုက်ကြည့်ပြီး ပြောလိုက်တယ်။



"ဘုတ်ဘုတ်နောက်ကိုပါသွားတဲ့ ကျွန်တော့်နှလုံးသားလေးကို လက်ခံတယ် မဟုတ်လားဟင် ... ဘုတ်ဘုတ် ... "

"ဘုတ်ဘုတ်ဆီကို ပါသွားတယ် ... ဟုတ်လို့လား ... "

"ဟုတ်တယ် ... "

"ဩော် ... အဲဒါဆိုတော့လည်း ဘယ်တတ်နိုင်ပါ့မလဲ ... လက်ခံပေးရတော့မှာပေါ့ ... "

"အဟား ... ငါကွ ... "

ကျော်စွာက လက်သီးလက်မောင်းတန်းပြီး အဲဒီလိုပေါလိုက်ပါတယ်။ ဘုတ်ဘုတ်က သူပေါနေတာကို ပြုံးပြုံးကြီးကြည့်ပြီး 'ငပေါအားပေး' လုပ်နေပါတယ်။

ပြင်းပြင်းထန်ထန်၊ စွဲစွဲလမ်းလမ်း ချစ်မိကြတဲ့လူတွေကို 'အချစ်ရူး'လို့ခေါ်တာ ကြားဖူးတယ်။ သူတို့နဲ့ကျမှ 'အချစ်ပေါ'ဆိုတာပါ ထပ်တိုးရမလို ဖြစ်နေပြီ။ တကယ်တော့ အရူးပဲဖြစ်ဖြစ်၊ အကောင်းပဲဖြစ်ဖြစ်၊ အပေါပဲဖြစ်ဖြစ်၊ ချောင်တောင်တောင် ဂေါက်တောက်တောက်ပဲ ဖြစ်ဖြစ် ... အချစ်နဲ့ပတ်သက်လိုက်တဲ့အခါ အားလုံးအတူတူဖြစ်သွားကြတာပဲ မဟုတ်လား။

www.burmeseclassic.com

www.burmeseclassic.com

[ ၁၃ ]

www.burmeseclassic.com

www.burmeseclassic.com

ကျော်စွာစိုးသန်းဆိုတဲ့ ကဗျာအင်ဂျင်နီယာလေးဟာ အခုဆို ဘုတ်ဘုတ်လေးနဲ့ တရားဝင်ချစ်သူတွေ ဖြစ်သွားကြပါပြီ။ ရပ်ကွက်ထဲက ကာလသားတို့ရဲ့ အသည်းကျော်ဘုတ်ဘုတ်တစ်ယောက် ရည်းစားရသွားလို့ သူတို့သောက်နေကျ အရက်ဖြူဆိုင်ဟာ အရင်ကထက် ရောင်းအားပိုမြင့်တက်လာခဲ့ပါတယ်။

ဘာဖြစ်လို့လဲဆိုတော့ ... ဘုတ်ဘုတ်ရည်းစားရသွားတဲ့ကိစ္စမှာ ကာလသားတော်တော်များများ ရုတ်တရက်ကြီး အသည်းကွဲဝေဒနာ ခံစားလိုက်ကြရလို့ပါပဲ။ ဒီတော့ ထုံးစံအတိုင်း အရက်ဆိုင်ကို ဆေးခန်းအမှတ်နဲ့ သူတို့ရဲ့ရောဂါ သက်သာလို သက်သာငြား ရောက်လာကြတာမို့ ဆိုင်ထဲမှာ ကြက်ပျံမကျ စည်ကားလို့နေပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီလူစုထဲမှာ ထူးမောင် ရောက်နေတာ ဘာမှမထူးဆန်းဘူး ဒါပေမဲ့ ဆန်းနေတာက ... ဒီနေ့ ထူးမောင်တစ်ယောက် လုံးဝအရက် မသောက်တာပါ။ ပိုပြီးတော့ ဆန်းတာက ထူးမောင်ဟာ ဘုတ်ဘုတ် ကြောင့် အသည်းကွဲနေတဲ့ကောင်တွေကို လှောင်ပြောင်တဲ့အကြည့်နဲ့ လိုက်ကြည့်နေတာပါပဲ။

အဲ့ဒီအသည်းကွဲလူနာစာရင်းမှာ လူတချို့ကို မထင်မှတ်ဘဲ အံ့ဩစရာတွေ့လိုက်ရပါတယ်။ လင်ရှိကျွန်ထွန်းနိုင်နဲ့ အောင်ဝင်းတို့နှစ်ယောက်ပါ။ လင်ရှိကျွန်ဟာ အပျိုကို ပြောင်းကြံဖို့ ကြိုးစားခဲ့မှန်း အခုမှ သူ သိလိုက်ရပါတယ်။ အောင်ဝင်းကတော့ သွေးကြွနေတဲ့အရွယ်နဲ့ ထားလိုက်ပါတော့။

"မယုံနိုင်ဘူးကွာ ... တကယ့်ကို မယုံနိုင်စရာမျိုးပဲ ... သိပ် နှမြောစရာကောင်းတယ် ထူးမောင်ရာ ... "

ထူးမောင်က ...

"ယုံလိုက်ပါ အောင်ဝင်းရာ ... ဘုတ်ဘုတ်နဲ့ ကျော်စွာတို့ လက် ချင်းတွဲပြီး လျှောက်သွားနေတာ တစ်ရပ်ကွက်လုံးသိတယ် ... ဘုတ် ဘုတ်မှာ တကယ်ရည်းစားရှိသွားပြီကွ ... "

လင်ရှိကျွန်ထွန်းနိုင်က ထူးမောင်စကားကို ဝင်ပြီးထောက် ပေးလိုက်ပြန်တယ်။

"ဟုတ်တယ် အောင်ဝင်း ... ဘုတ်ဘုတ်မှာ ဟိုကောင်ကျော် စွာရှိနေပြီ ... ငါကိုယ်တိုင် သေချာတွေ့ခဲ့တာပါ ... "



"ဒါဆို အခုချက်ချင်း သူငါ့အတွဲကို လိုက်ပြလေ ... "

"အခုချက်ချင်းတော့ ငါလ ... ဘယ်ရှာတတ်မှာလဲ ... ဒီမှာ အရက်သောက်နေတဲ့ဟာကို ... "

အောင်ဝင်းက မူးမူးနဲ့ ခေါင်းကြီးရမ်းပြီး ရေရွတ်လိုက်ပြန်ပါ တယ်။

"ငါက မျက်စိနဲ့ မမြင်ရတဲ့အရာတွေကို ဘယ်တော့မှ 'ရှိတယ်' လို့ မယုံဘူး ... "

အဲဒီမှာ ငြိမ်ပြီးနားထောင်နေတဲ့ ထူးမောင်က အောင်ဝင်းကို လွှတ်ခနဲ မေးခွန်းတစ်ခွန်း ပြန်မေးလိုက်ပါတယ်။

"ဒါဖြင့် မင်းခေါင်းထဲမှာရှိတဲ့ ဦးနှောက်ကို မင်းတွေ့ရလို့လား"

"အမ် ... "

ထူးမောင်ရဲ့မေးခွန်းကြောင့် အောင်ဝင်းတစ်ယောက် ကြောင် သွားတယ်။ ခဏကြာတော့ ... အောင်ဝင်းတစ်ယောက် အသည်းကွဲ နေရာက ဒေါသအိုးကြီးပါ ကွဲလာတော့တယ်။ လင်ရှိကျွန်ထွန်းနိုင်က ပြုံးစိစိနဲ့ ရယ်ချင်နေတဲ့စိတ်ကို ထိန်းထားပုံရတယ်။

အဲဒီအချိန်ကျမှ ထူးမောင်က လေပြေလေးထိုးပြီး တဟဲဟဲနဲ့ ဆိုင်ထဲက ထွက်သွားပါတော့တယ်။ သူများတကာ စိတ်ညစ်ပြီး ဒုက္ခ ရောက်နေတဲ့အချိန်မှာတောင် ထူးမောင်က အလွတ်မပေးဘူး။ သူ့ ခွင်ထဲရောက်လာတာနဲ့ ကြုံသလိုဖြစ်သလို နှိပ်ကွပ်ပြီးသားပဲ။

အောင်ဝင်းက ဆိုင်ထဲမှာ ရှူးရှူးရှားရှားနဲ့ ဒေါသတွေထွက်ပြီး

www.burmeseclassic.com

www.burmeseclassic.com



ကျန်ရစ်ခဲ့တယ်။ ထူးမောင်ကတော့ လေလေးတချွန်ချွန်နဲ့ အိမ်ပြန်သွားပါပြီ။

အခုဆိုရင် ဘုတ်ဘုတ်အတွက်နဲ့ တခြားလူတွေ အသည်းအသန်ခံစားနေကြချိန်မှာ ... ထူးမောင်တို့ အေးအေးဆေးဆေး နေနိုင်တာအကြောင်းရှိပါလိမ့်မယ်။ ဘာအကြောင်းလဲတော့ မသိဘူးပေါ့လေ။ တစ်ခုခုတော့ရှိမှာပေါ့။

[ ၁၄ ]

www.burmeseclassic.com

www.burmeseclassic.com

ညနေခင်း လေညင်းတွေကြားမှာ သူမရဲ့ဆံနွယ်မျှင်လေးတွေ လွင့်လွင့်သွားတာကို ကျော်စွာ ငေးကြည့်နေမိတယ် ... ။ သူတို့နှစ်ယောက်ဟာ အခုဆို အကယ်ဒမီရမယ်လို့ နာမည်ကြီးနေတဲ့ မင်းသားတစ်ယောက် အမှန်တကယ် အကယ်ဒမီရသွားသလိုပါပဲ။ ဟုတ်တယ်လေ ...။ သူတို့အတွဲက ရည်းစားတွေ မဖြစ်ကြသေးပေမဲ့ ရပ်ကွက်ထဲမှာ ရည်းစားဖြစ်သွားပြီလို့ နာမည်ကြီးနေခဲ့တာကိုး ... ။

ကျော်စွာက သူမကို ဟိုတစ်နေ့က အရက်ဆိုင်မှာ ထူးမောင်အောင်ဝင်းကို ဒေါက်ဖြုတ်ခဲ့တဲ့သတင်း ပြောပြနေတာပါ။ သတင်းက မြန်သလားမမေးနဲ့။ လင်ရှိကျန်ကိုယ်တိုင် ... တွေ့သမျှလူ အကုန်လျှောက်ပြောနေတာဆိုတော့ ဒီသတင်းက ကျော်စွာဆီ ရောက်လာတာပေါ့။

ဘုတ်ဘုတ်တောင် ထူးမောင်ရဲ့ တခ်ဏှုပ္ပတ္တိဥယျာဉ်ကို သဘော

www.burmeseclassic.com

www.burmeseclassic.com



ကျလွန်းလို့ ချီးကျူးနေမိတယ်။ ကျော်စွာကလည်း သူ့ ယောက်ဖကို အဲဒီနေရာမှာတော့ အသိအမှတ်ပြုပါတယ်။

နှစ်ယောက်သား လက်ဖက်ရည်ဆိုင်မှာ ထူးမောင်အကြောင်း တွေ အတင်းချနေတုန်းရှိသေးတယ် ... ။ ထူးမောင်က သူတို့ရှေ့ကို ဘွားခနဲ ရောက်လာပါလေရော။ အဲ ... ထူးမောင်တင်မကဘူးဗျ။ ထူးမောင်နောက်မှာ စန်းမွန်အောင်ပါ ပါလာတယ်။

"အံမယ် ... နင်တို့နှစ်ယောက် ဘယ်ကလာကြတာလဲ"

ဘုတ်ဘုတ်က သူတို့ကို ရောက်ရောက်ချင်း မေးခွန်းထုတ်တယ်။ စန်းမွန်အောင်က သူ့မေးခွန်းကို ဘာမှမဟုတ်သလို ပေါ့ပေါ့ပါးပါး ပြန်ဖြေပေးလိုက်ပါတယ်။

"ဩော် ... ဟိုနားလေးမှာတွေ့ပြီး ဒီကိုရောက်လာတာ"

ထူးမောင်ကလည်း ...

"တော်သေးတာပေါ့ ... မင်းတို့တွေရှိနေလို့ ... မဟုတ်ရင်"

"မဟုတ်ရင် ဘာဖြစ်လို့လဲ ... "

"ဩော် ... မဟုတ်ရင် ကိုယ့်လက်ဖက်ရည်ဖိုး ကိုယ်ရှင်းရမှာလေ ... အခု မင်းတို့အတွဲက ငါတို့ကို လက်ဖက်ရည်တိုက်ရမယ် ..."

အဲဒါ ထူးမောင်အစစ်ပဲ။ ဘာမှအရေးမကြီးတာကို အရေးကြီးသလို၊ ဘာလိုလုပ်ပြီး၊ နောက်ဆုံးကျတော့ ကျော်စွာကို လက်ဖက်ရည်တိုက်နိုင်းပါတော့တယ်။ ကျော်စွာက ...

"အေး ... တိုက်ဆိုတိုက်ပ့ါမယ် ... ဘာသောက်မလဲ ... မှာမလေ ... "



ထူးမောင်က သူ့အတွက်ရော စန်းမွန်အောင်အတွက်ပါ လက်ဖက်ရည်နှစ်ခွက် လှမ်းမှာလိုက်တယ်။ စန်းမွန်အောင်ကိုကြည့်ရတာ တစ်ခုခုကို ရှက်နေသလိုပဲ။ အဲဒီအချိန်မှာ ဘုတ်ဘုတ်က စန်းမွန်အောင်ရဲ့ ထူးခြားမှုတစ်ခုကို သတိပြုမိသွားတယ်။

"ဟယ် ... စန်းမွန်အောင် ... နင်က မျက်ခုံးမွေးတွေ၊ ဘာတွေဆွဲလို့ပါလား ... "

ပြောလိုက်မှ စန်းမွန်အောင်က ပိုရှက်သွားတယ်။

"ဘာရယ်မဟုတ်ပါဘူးဟာ ... ငါ့အဒေါ်ရဲ့ မှန်တင်ခုံပေါ်မှာ တွေ့လို့ လက်တည့်စမ်းလာတာပါ ... "

"နင်က ပိုလှလာတယ် သိလား ... "

အဲဒါ ဘုတ်ဘုတ် တကယ်ပြောတာပါ။ စန်းမွန်အောင်က မိန်းကလေးလို သေချာအလှပြင်လိုက်ရင် တော်တော်လှမဲ့သဘောရှိတယ်။ ဘုတ်ဘုတ်နဲ့ ကျော်စွာတို့က စန်းမွန်အောင်ရဲ့အလှဗေဒကို အခုမှ သတိပြုမိတာပါ။

ထူးမောင်က စန်းမွန်အောင်ကို သတိပြုမိတာ တစ်လနီးပါးလောက်ရှိနေပြီဆိုတော့၊ ဒီနေရာမှာ သူတို့ထက် ထူးမောင်ကသာသွားတာ သေချာပါတယ်။ ဒီလောက်ဆို ထူးမောင်တစ်ယောက် ဘယ်အကွက်၊ ဘယ်လိုနင်းတော့မယ်ဆိုတာ သူတို့သဘောပေါက်သွားကြပါတယ်။

ဩော် ... ထူးမောင် ... ထူးမောင် ... ။ ဘယ်မိန်းမကိုမှ ကြဲလို့မရတဲ့ကောင်က ယောကျ်ားလျာလေးကို ကြဲနေတာ ဟုတ်တော်

www.burmeseclassic.com

www.burmeseclassic.com



တော့ နိုးစပ်နေပြီ။ ကြည့်ရတာ စန်းမွန်အောင်ကို ထူးမောင်က ဘဝမှန် ပြန်ပို့ပေးတော့မယ် ထင်ပါရဲ့။

ကျော်စွာနဲ့ ဘုတ်ဘုတ်တို့ဟာ တစ်ယောက်နဲ့ တစ်ယောက် မျက်စိပစ်ပြလိုက်ကြတယ်။ အခုအချိန်ကစပြီး သူတို့အတွဲက စန်းမွန်အောင်နဲ့ ထူးမောင်ကို ဝိုင်းပို့ကြတော့မယ်လေ။

ဒါဟာ အရင်တုန်းက အခြေအနေနဲ့ ပြန်တွက်ကြည့်ရင် လုံးဝပြောင်းပြန်ကြီးပါ။ လူ့ဘဝဆိုတာ ဒါမျိုးတွေလည်း ဖြစ်ကတတ်တယ် မဟုတ်လား။ ဘုတ်ဘုတ်က မေးလိုက်တယ်။

"ဟဲ့ စန်းမွန်အောင် ... မြန်မာပြည်မှာ နင် ဘယ်မင်းသားကို အကြိုက်ဆုံးလဲ ... "

"ပြေငြိမ်း ... "

"သြော် ... နင်က လောကမှာ မရှိတော့တဲ့လူတွေ ... ပိန်တဲ့လူတွေကို သဘောကျတတ်တယ်ပေါ့ ... ဟိုမှာ ကိုထူးမောင်ကို လှမ်းကြည့်လိုက် စမ်း ... ပိန်ပိန်လေးပဲ ... "

တစ်သက်လုံး အောင်သွယ်လုပ်စားလာတဲ့ စန်းမွန်အောင်ကို ပြန်ပြီး အောင်သွယ်လုပ်ပေးရတာ ပါးနပ်ဖို့တော့လိုတယ်။ အခု ဘုတ်ဘုတ်လုပ်နေပုံက ပေါ်တင်ကြီး ... ။ စန်းမွန်အောင်က ...

"ငါက ပိန်ပိန်လှီလှီလေးတွေဆို ကြည့်လို့ကိုမရဘူး ... ပြေငြိမ်းကို ပိန်လို့ကြိုက်တာ မဟုတ်ဘူးဟ ... သူ့မျက်နှာက ချိုလို့ ... ပြီးတော့ သရုပ်ဆောင်ကောင်းလို့ကြိုက်တာ ... အခုခေတ်မှာ သူ့ကားတစ်ကား



ကြည့်ရဖို့ဆိုတာ လွယ်တာမဟုတ်ဘူး ... သိပ်ရှားသွားပြီ ... MRTVမှာ တစ်ခါတလေလာတဲ့ သူ့ကားတွေကို ငါ ကူးထားတယ် ... "

ထူးမောင်က စန်းမွန်အောင်ပြောသွားတဲ့စကားတွေထဲမှာ 'ပိန်ပိန်လှီလှီလေးတွေကို ကြည့်လို့မရဘူး' ဆိုတာကို သိပ်မကျေနပ်ဘူး။ သူ လည်း ပိန်ပိန်လေးပဲဆိုတော့ ထူးမောင်က အနေရခက်တာပေါ့။

ဒါ ... သူ့မှာ ဗလမရှိလို့ သက်သက်မဲ့ အထင်သေးတာ။ ထူးမောင်လည်း နည်းနည်းတော့ တင်းသွားတာပေါ့။ သူက ခပ်ကြွားကြွားလေး ပြန်ပြောလိုက်တယ်။

"ကျွန်တော့်မှာ 'ဗလ'မရှိပေမဲ့ 'ဓ'တော့ရှိပါတယ် ... "

ထူးမောင်က အဲဒီလိုပြောလိုက်တာကို ကျော်စွာက ချက်ချင်းပဲ ထောက်မေးလိုက်ပါတယ်။

"ဘယ်လို 'ဓ' ရှိတာလဲဟင် ထူးမောင် ... "

အဲဒီမှာ ထူးမောင် ဘာမှပြန်မဖြေခင် ...

"ဘာ'ဓ'လဲဆိုတော့ စိတ္တဓလေ ... သူ့မှာ အဲဒါပဲရှိတာ ... "

"အမ် ... "

ခံဟဲ့ ... ။ မှတ်ပြီလား။ ဒီတစ်ခါတော့ သူများကို နှိပ်ကွပ်နေကျ ထူးမောင်ဆိုတဲ့ကောင် ပြန်ခံလိုက်ရပါတယ်။ သူ့ကို နှိပ်သွားတဲ့လူက စန်းမွန်အောင်ရယ်ပါ။ စန်းမွန်အောင်တောင်မှ ထူးမောင်နဲ့ ပေါင်းလို့ အဲဒါမျိုး တတ်နေပြီထင်ပါရဲ့။

သူတို့အတွဲက စန်းမွန်အောင်ကို လုံးဝမတုံ့ပြန်ရှာတဲ့ ထူး

www.burmeseclassic.com

www.burmeseclassic.com



မောင်ကို သဘောကျနေမိတယ်။ ကျော်စွာနဲ့ ဘုတ်ဘုတ်တို့က ပြုံးစိစိနဲ့ ရှုပုတ်ရှုံ့မဲ့နေတဲ့ ထူးမောင်ကို လိုက်ကြည့်နေကြပါတယ်။

ကိုယ်ကြိုက်နေတဲ့ ကောင်မလေးဆီက အဖြေပြန်မရသေးခင် ယောကျ်ားလေးတွေဟာ ဒီလိုပဲ သည်းခံကြရစမြဲပါ။ မိန်းကလေးတွေ ကလည်း အဲဒီအချိန်မျိုးမှာ အနိုင်ကျင့်နေကျ ... ။ စန်းမွှန်အောင် တစ်ယောက် ကာလတိုအတွင်းမှာ မိန်းကလေးတို့တတ်အပ်တဲ့ မာယာနဲ့ အထာကိုင်တဲ့ပညာတွေကို ကျွမ်းဝင်နေတာ အံ့သြစရာကောင်းလှပါတယ်။

အင်း ... သဘာဝက သင်ပေးလိုက်တာပဲ ဖြစ်မှာပါလေ။

[ ၁၅ ]

www.burmeseclassic.com

www.burmeseclassic.com

ဘုတ်ဘုတ်နဲ့ကျော်စွာစိုးသန်းတို့ရဲ့ အချစ်ခရီးဟာ ပုကူးရည်ပေါ်မှာ သကြားနဲ့ကြံသကာရည်တွေ ထပ်ဆမ်းထားတဲ့လမ်းမတွေပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ … ကျော်စွာကို ဘုတ်ဘုတ်တို့ မိဘတွေက ခြွင်းချက်မရှိ သဘောတူလိုက်ကြလို့ပါ။

သူတို့ရဲ့ လှတပတသမီးပျိုလေးကို ကျော်စွာလို မှုဆိုးဖိုတစ်ယောက်လက်ထဲကို ကျေကျေနပ်နပ်ကြီးထည့်ပေးလိမ့်မယ်လို့ ဘယ်သူကထင်မှာလဲ …။ ဒါပေမဲ့ ဘယ်သူမှ မထင်ထားတဲ့ကိစ္စဟာ အခုဘာကယ်ဖြစ်လို့နေပါပြီ။

ယောက္ခမကြီး ဒေါ်ခင်မျိုးဆင့်ကလည်း အဲဒီကိစ္စမှာ ကျော်စွာနဲ့မိဘတွေနေရာကနေ မိန်းမလိုက်တောင်းပေးဖို့ အဆင်သင့်ပဲတဲ့။ အဘွားကြီးက အဲဒီလိုသဘောထားပြည့်ဝတာပါ။ ကျော်စွာစိုးသန်းကိုလည်း သားအရင်းလိုပဲ၊ ချစ်မှချစ် …။ သူမရဲ့သား ထူးမေ…ကိုသာ

www.burmeseclassic.com

www.burmeseclassic.com



မစွံလို့ မကျေမချမ်းဖြစ်နေတာ။ ဒါကလည်း ထူးမောင်နဲ့စန်းမွန်အောင်တို့ရဲ့ လက်ရှိအခြေအနေကို အဘွားကြီးကသိမှမသိသေးဘဲကိုး။ သိလို့ကတော့ ထတောင်ကချင်ကနေမှာ။ အဘွားကြီး ဒေါ်ခင်မျိုးဆင့်ရဲ့ ချွေးမလိုချင်တဲ့ရောဂါက မသေးဘူး။

ကျော်စွာအတွက် အစစအရာရာဟာ ရေကန်အသင့်၊ ကြာအသင့်ဖြစ်နေပြီ။ ဘုတ်ဘုတ်ဆိုတာလည်း ကျောင်းတောင်မပြီးသေးကဲ့အရွယ်။ ဒီအရွယ်မှာ ယောက်ျားရတော့မှာဆိုတော့ ဘာပဲပြောပြောစိတ်လှုပ်ရှားတာပေါ့။ အဲဒါကို စန်းမွန်အောင်က ကြည့်မရဖြစ်ပြီး နာမည် တစ်ခုပေးလိုက်တယ်။ ဆတ်စလူးနတ်ပူးတဲ့။ ဘုတ်ဘုတ်ကတော့ စန်းမွန်အောင် ဘယ်လိုခေါ်ခေါ် မနာပါဘူး။

တကယ်လည်း သူမက ဖျတ်ဖျတ်လူးနေတဲ့ဥစ္စာ။ ဆတ်စလူးနတ်ပူးလို့အခေါ်ခံရတာနည်းတောင် နည်းသေးတယ်။ ဟုတ်ပါတယ်။ ဘုတ်ဘုတ်က မိန်းကလေးဆိုတော့ တခြားလူတွေရှေ့မှာ ဣန္ဒြေကိုထိန်းနေသမျှ စန်းမွန်အောင်နဲ့နှစ်ယောက်တည်းကျရင် စိတ်ကိုလွှတ်ပေးထားလိုက်တာများတယ်။ ဒီတော့ စန်းမွန်အောင်က အားလုံးအတွင်းသိ၊ အစင်းသိ ဖြစ်နေတာပေါ့။ ဟိုကလာတောင်းရင် ဒီကခေါင်းညိတ်ဖို့ အဆင်သင့်ဖြစ်နေပြီလေ။

***

အဲဒီလိုအခြေအနေမျိုးမှာ သူတို့ရပ်ကွက်ထဲကို သတင်းတစ်ခုက ဝင်ရောက်တိုက်ခိုက်သွားတာ … တစ်ရပ်ကွက်လုံး အုတ်အော်သောင်းနင်းဖြစ်သွားပါတော့တယ်။ သတင်းက ဘာလဲဆိုတော့ ရပ်ကွက်ထိပ်မှာ ခင်စန္ဒာဆင့်ကိုပြန်တွေ့လိုက်ရလို့တဲ့။ ကျော်စွာစိုးသန်းလည်း အဲဒီ သတင်းကိုကြားကြားချင်း ငယ်ထိပ်ကို မိုးကြိုးပစ်ချလိုက်သလိုပဲ။

တွေ့တဲ့လူကလည်း တစ်ယောက်တည်းမဟုတ်ဘူး။ သုံးလေးယောက်လောက်ရှိတယ်။ ကြည့်ရတာ ခင်စန္ဒာဆင့်တစ်ယောက် ကျော်စွာ နောက်အိမ်ထောင်ပြုမယ်ဆိုလို့ ရောက်ရာဘဝကနေ ပြန်လာပြီး ကိုယ်ထင်ပြတာများလား။ အို … မဖြစ်နိုင်ပါဘူး။ ကျော်စွာက တစ်ယောက်တည်း ခေါင်းကို ခါယမ်းပစ်လိုက်တယ်။

ဖြစ်နိုင်တယ်ပဲဖြစ်ဖြစ်၊ မဖြစ်နိုင်ဘူးပဲဖြစ်ဖြစ် အခုဆို အဲဒီသတင်း

www.burmeseclassic.com

www.burmeseclassic.com



ဟာ ရပ်ကွက်ထဲမှာ လူပြောများလို့နေပါတယ်။ ခင်စန္ဒာဆင့်ကို ရပ်ကွက်ထဲမှာ တွေ့လိုက်ရတဲ့လူတွေစာရင်းကလည်း တစ်နေ့တခြား များများလာတယ်။ တချို့ဆို သူတို့ကို ခင်စန္ဒာဆင့်က ပြုံးတောင် ပြုံးပြသွားသေးတယ်ဆိုပဲ။

ကျော်စွာလည်း သူမကိုတွေ့တယ်ဆိုတဲ့ သတင်းကြားရင် အဲဒီနေရာကို ချက်ချင်းလိုက်ကြည့်မိပါရဲ့။ ဒါပေမဲ့ အခုချိန်ထိတော့ တစ်ခါမှ ကိုယ်တိုင်မတွေ့ရသေးဘူး။

လူတွေကတော့ အမျိုးမျိုးအဖုံဖုံပြောနေကြတာပဲ။ တချို့ကဖြင့်တော့လည်း တကယ့်အဖြစ်အပျက်ကိုချဲ့ကားပြီး ပြောချင်ပြောတတ်ကြတယ်။

ဘုတ်ဘုတ်လေးကလည်း သတင်းတွေကြားပြီး စိုးရိမ်တကြီးဖြစ်လို့နေပါတယ်။ သူ့ကိုလည်း ပေါက်ပေါက်ရှာရှာတွေစဉ်းစားပြီးဆေးတတ်တယ်။

"ကိုကျော်စွာ ... မခင်စန္ဒာဆင့်က တကယ်ဆုံးသွားတာရော ဟုတ်ရဲ့လားဟင် ... "

"တကယ်ဆုံးသွားတာပါဘုတ်ဘုတ်ရဲ့ ... တစ်ရပ်ကွက်လုံးသိတဲ့ဥစ္စာ ... ဘုတ်ဘုတ်ကိုလိမ်ပြောစရာလား ... "

"တကယ်လို့များ မခင်စန္ဒာဆင့် ပြန်ရောက်လာရင် ကိုကျော်စွာက ဘုတ်ဘုတ်ကိုလက်ထပ်ဦးမှာလား ... ဒါမှမဟုတ် အရင်မိန်းမနဲ့ပဲ ပြန်ပေါင်းမှာလား ... "

"အဲ ... "



သူလည်း ဘာပြန်ဖြေရမှန်းမသိအောင် ဖြစ်နေရပါတယ်။ အိမ်ကတ်သီးကတ်သတ်တွေလျှောက်တွေးပြီး စိုးရိမ်ပူပန်နေရှာသဲ့ သူ့ဘုတ်လေးအတွက် သူတစ်ခုခုတော့ သိတတ်ပေးမှဖြစ်တော့မယ်။

အခု ရပ်ကွက်ထဲမှာ လူတွေပြောနေကြတဲ့ကိစ္စကို သူကိုယ်တိုင်ကွင်းဆင်းလေ့လာဖို့လိုအပ်နေပြီလေ။ ဒီပြဿနာဟာ သိပ်မကြာခင်ပြေလည်သွားတော့မယ်ဆိုတာ ကျော်စွာသဘောပေါက်ပါတယ်။

ဒါပေမဲ့ သူ့စိတ်ထဲမှာ တစ်စုံတစ်ရာကို လေးလေးလံလံကြီး ခံစားနေရတယ်။ မဖြစ်လာသေးတဲ့အန္တရာယ်မှာ သူက သားကောင်ပဲ ဖြစ်ခွင့်ရချင်မိတယ်။

ပေါက်ပွင့်တွေ၊ လက်ပံတွေလို
ဖွဲ့အဆင်းမှာ ရနံ့မရှိတာ
အပြစ်ဖြစ်နေပြီလား အချစ်ရယ် ... ။

www.burmeseclassic.com

www.burmeseclassic.com

[ ၁၆ ]

www.burmeseclassic.com

www.burmeseclassic.com

သူက ပထမဦးဆုံး ခင်စန္ဒာဆင့်ကို တကယ်တွေ့ခဲ့တယ်ဆိုတဲ့ လူတွေကို အတိအကျစာရင်းလုပ်လိုက်တော့ စုစုပေါင်းငါးယောက်ပဲ ထွက်လာပါတယ်။ ကျန်တဲ့လူတွေက တစ်ဆင့်စကား၊ တစ်ဆင့်ကြား ပြီး လျှောက်ပြောနေကြတာချည်းပဲ။ အဲဒီငါးယောက်မှာ နှစ်ယောက် က ခင်စန္ဒာဆင့်ကို သေချာတွေ့လိုက်ကြရတာမဟုတ်ဘူး။ ပိုးတိုးဝါး တားနဲ့ အဝေးကနေ တွေ့လိုက်ရတာ။

ကျန်တဲ့သုံးယောက်ထဲကတစ်ယောက်ဆိုရင် ခင်စန္ဒာဆင့်ကို သေချာတောင်မမှတ်မိဘူးလို့ဝန်ခံသွားပါတယ်။ အဲဒီတော့ နောက်ဆုံး နှစ်ယောက်ပဲ ကျန်တော့တယ်။ အဲဒီနှစ်ယောက်မှာ တစ်ယောက်က ကျော်စွာစိုးသန်းတို့နဲ့ သောက်ဖော် သောက်ဖက် ရဲမင်းသိန်းဖြစ်ပြီး နောက်တစ်ယောက်က လင်ရှိကျန်ထွန်းနိုင်ရဲ့ချစ်ချစ်ကြီး Ever Cry Beauty Saloon က မအေးတို့ပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက်ကတော့ ခင်စန္ဒာဆင့်ကို တကယ်ပဲ တစ်ယောက်တစ်ခါစီ မျက်ဝါးထင်ထင်တွေ့မြင်ခဲ့ကြပါတယ်တဲ့။ မအေးကို ခိုရင် သူမက ပြုံးတောင် ပြုံးပြသွားသေးဆိုပဲ။ အံ့ဩမှင်သက်နေတဲ့ မအေးကို သူမက လှောင်ပြောင်သွားတာလို့ယူဆရင်လည်းရပါတယ်။

ဒါပေမဲ့ မအေးနဲ့ ရဲမင်းသိန်းတို့နှစ်ယောက်မှာ သူမနဲ့ပတ်သက်လို့ တူတဲ့အချက်တစ်ချက်ရှိတယ်။ အဲဒါကတော့ သူမကိုတွေ့ခဲ့တဲ့နေရာ တူနေကြတာပါပဲ။ အဲဒီနေရာကတော့ သူတို့ရုပ်ကွက်ထိပ်က မွှောရုံနားလေးမှာဖြစ်ပါတယ်။

အခုဆို ကျော်စွာလည်း အဲဒီနေရာလေးမှာ မနက်ထဲကခွင့်ယူပြီး လာစောင့်နေတာ နှစ်ရက်မြောက်ရှိနေပြီ။ ဘာမှ ထူးထူးခြားခြား မတွေ့ရသေးပါဘူး။ အဲ ... အဲဒီနှစ်ရက်မြောက်နေ့ရဲ့ နောက်ဆုံးနေဝင်ခါနီးအချိန်မှာတော့ သူ မျှော်လင့်စောင့်စားနေတဲ့ ကောင်မလေးကို ထင်ထင်ရှားရှားကြီး တွေ့လိုက်ရပါတော့တယ်။

တွေ့တွေ့ချင်း သူ့ရင်တွေ ဖျတ်ခနဲခုန်လှုပ်သွားပါတယ်။ ရုတ်တရက် အခိုက်အတန့်လေးမှာ ကျော်စွာကိုယ်တိုင် သူမကို ရင်သပ်ရှုမော လိုက်ကြည့်နေမိတယ်။ ဒါ ခင်စန္ဒာဆင့်ပါ။ အို ... မဟုတ်သေးပါဘူး ...။ ခင်စန္ဒာဆင့်နဲ့ အတော်လေးဆင်တူတဲ့ ကောင်မလေးတစ်ယောက်ပါ။ မျက်နှာကျပုံ၊ ဆံပင်ပုံ၊ လမ်းလျှောက်လာတဲ့ပုံ၊ ခန္ဓာကိုယ်အချိုးအစားကအစ မသိရင် ခင်စန္ဒာဆင့်မှ ခင်စန္ဒာဆင့်ပဲ။ အမြွှာလို့တောင်ထင်စရာရှိတယ်။

ရုပ်ရှင်တွေ၊ ဝတ္ထုတွေထဲမှာဆိုရင်တော့ အဲဒီကောင်မလေးဟာ



ခင်စန္ဒာဆင့်နဲ့ ငယ်ငယ်လေးထဲက ကွဲနေတဲ့ အမြွှာညီအစ်မတွေ အဲ တွေဖြစ်ပြီး ပျော်ရွှင်စွာ ဓာတ်ပေါင်းကြလေသတည်းပေါ့။ ဒါဆို ဇာတ်သိမ်း တော်တော်ကောင်းမှာပဲ။ အခုဟာက အဲဒီလိုမဟုတ်ဘူး။ ဒေါ်ခင်မျိုးဆင့်ကြီးကလည်း အမြွှာပူးမွေးထားတာမျိုး လုံးဝမရှိတော့ ကျော်စွာလည်း စဉ်းစားရကျပ်တယ်။

နောက်ဆုံးမှာတော့ ကျော်စွာစိုးသန်းတစ်ယောက် စဉ်းစားမရတဲ့ကိစ္စကြီးကို ဆက်မစဉ်းစားတော့ဘဲ ခင်စန္ဒာဆင့်နဲ့တော်တော်တူတဲ့ ကောင်မလေးနောက်ကို မသိမသာလေး လိုက်သွားမိပါတယ်။ အဲဒီကောင်မလေးက သူတို့ရပ်ကွက်နဲ့ကပ်လျက်ရပ်ကွက်မှာနေတာပါ။ ပထမအဆင့်အနေနဲ့ ကျော်စွာက သူမနေတဲ့အိမ်ကို သိအောင်အရင်လုပ်ထားလိုက်တယ်။

ပြီးတော့ ထူးမောင်တို့၊ ဦးစိန်တို့၊ ကိုသန်းအောင်တို့ကို အဲဒီအကြောင်း ပြောပြပြီး ဆက်စုံစမ်းကြည့်ပါတယ်။ သူတို့တစ်တွေရဲ့ ကူညီမှုကြောင့် သိပ်မကြာခင်မှာပဲ ကျော်စွာသိချင်တာတွေ အားလုံး သိခွင့်ရခဲ့တယ်။ ကျော်စွာသိချင်တယ်ဆိုတာထက် သူတို့တစ်ရပ်ကွက်လုံးရဲ့ ပဟေဠိကို အဖြေထုတ်ပေးလိုက်နိုင်တာပါ။

အဲဒီကောင်မလေးဟာ ခင်စန္ဒာဆင့်နဲ့ ဘာမှမဆိုင်တဲ့ သီးခြားမိသားစုတစ်စုကဆိုတာရယ်၊ သူမမှာ အဖေ၊ အမေ စုံစုံညီညီရှိတဲ့အပြင် မောင်ငယ်တစ်ယောက်ပါရှိနေတယ်ဆိုတာရယ်၊ သူမနာမည်က အိမြို့ ဆိုတာရယ်၊ အစရှိသဖြင့် အများကြီးသိလိုက်ရပါတယ်။ သူမတို့မိသားစုက ပြောင်းလာတာ သိပ်မကြာသေးဘူးတဲ့။ ကဲ ... ရှင်းရော။

www.burmeseclassic.com

www.burmeseclassic.com



လောကမှာ လူတူမရှား၊ နာမည်တူမရှားဆိုပေမယ့် ခင်စန္ဒာ
ဆင့်နဲ့ အိဖြူတို့ဟာ ဘာဆွေမျိုးသားချင်းမှ မတော်စပ်ဘဲ ဒီလောက်တူ
နေတာတော့ အံ့သြစရာပဲ။ ကောလဟာလသတင်းတွေရဲ့ ကျယ်ပြန့်
ဆန့်ထွက်ပုံကလည်း ကြောက်ဖို့ကောင်းလှပါတယ်။

ပြဿနာတွေအားလုံး ရှင်းလင်းသွားပြီဆိုမှ ဘုတ်ဘုတ်လေး
လည်း သက်ပြင်းချနိုင်တော့တယ်။ သူမခမျာ တစ်ချိန်လုံး ထိတ်လန့်
ပန်နေရရှာတာမဟုတ်လား။ ကျော်စွာနဲ့လွဲသွားရင်ဆိုတဲ့ စိုးရိမ်စိတ်နဲ့
ဘုတ်ဘုတ်တစ်ယောက် ရင်မောခဲ့ရတဲ့အချိန်တွေဟာ အခုတော့
ပြီးဆုံးသွားပါပြီ။ သူကိုယ်တိုင်လည်း ပေါ့ပါးလွတ်လပ်စွာ ပြုံးရယ်နိုင်
ပါပြီ။

ပြောပါတယ်။ လူ့ဘာဝဆိုတာ ရှုပ်ထွေးလွန်းပါတယ်လို့။

[ ၁၇ ]

www.burmeseclassic.com

www.burmeseclassic.com

နှစ်ဖက်လူကြီးတွေ စကားပြောပြီးသွားပြီဆိုတော့ သူနဲ့ဘုတ်ဘုတ်တို့ရဲ့ ရေ့ခရီးဟာ ဖြောင့်ဖြူးလို့နေပါပြီ။ ရှေ့လ၀ါပြန်ထွက်တာနဲ့ သူတို့မင်္ဂလာဆောင်ကြတော့မယ်လေ။

ဒီကြားထဲ သူ့အလုပ်က ကျော်စွာကို တာ၀န်ခံအင်ဂျင်နီယာဆိုတဲ့ရာထူးမြှင့်ပေးလိုက်တဲ့အပြင် လစာပါ တိုးပေးလိုက်ပါတယ်။ ကျော်စွာစိုးသန်းတစ်ယောက် ရေ့လျှောက် ကောင်းစားဖို့ချည်းပဲ။

အံမယ် ... ပြောရဦးမယ်။

ထူးမောင်နဲ့ စန်းမွန်အောင်တို့အတွဲလည်း ဘယ်လိုတွေဖြစ်တယ်မသိဘူး။ အိုကေသွားကြပြီတဲ့ဗျာ ... ။ ဒါပေမဲ့ သူတို့အတွဲက ကျော်စွာတို့လိုမဟုတ်သေးဘူး။ လိုသေးတယ်ထင်ပါရဲ့။

ကျော်စွာတစ်ယောက် လာမယ့် နောက်တစ်လလောက်မှာ

www.burmeseclassic.com

www.burmeseclassic.com



ကျင်းပမယ့် သူ့မင်္ဂလာပွဲအတွက် အခုထဲက ကြိုတင်ပြင်ဆင်ပြီး ရင်ခုန်နေရှာပါတယ်။ ကျော်စွာ့လို ... တစ်ခါအတွေ့အကြုံရှိဖူးတဲ့လူတောင် ဒီလောက်ဖြစ်နေရင် ဟိုဆတ်စလူးနတ်ပူးမဘုတ်ဘုတ်ဆိုရင် ပြောမနေနဲ့တော့။ တစ်ယောက်တည်း ရှုပ်ယှက်ခတ်ပြီး လက်လက်ကိုထနေတာပဲ။

အခုလည်း ဘုတ်ဘုတ်က ကျော်စွာ့ကို စက်ဘီးစီးသင်ပေးဖို့ အတင်းဂျီတိုက်လို့နေပါတယ်။ ဘုတ်ဘုတ်မှာ ဒီတစ်လလေးပဲ အရွယ်ဘဝရှိတော့တာဆိုပြီး ကျော်စွာက သူမကို တတ်နိုင်သမျှ အလိုလိုက်ပါတယ်။

ကြည့်လေ ... ညနေခင်း မိုးသားပြာလွင်လွင်လေးတွေအောက်မှာ သူက သူမစီးနေတဲ့စက်ဘီးကို လိုက်ထိန်းပေးလို့။ သူမဆီက ရယ်မောသံချိုချိုလေးတွေက ပတ်ဝန်းကျင်တစ်ခုလုံးကို ပျံ့လွင့်လွှမ်းခတ်လို့။ နှစ်ယောက်သား ပျော်ရွှင်ကြည်နူးနေလိုက်ကြတာ။

ကျော်စွာက သူမစက်ဘီးကို လိုက်ထိန်းပေးနေရတာ တစ်ကိုယ်လုံးချွေးတွေရွှဲစိုနေပြီလေ။

"တော်ပြီ ... ဘုတ်ဘုတ်ရာ ... မောလာပြီ ... ဒီနေ့အဖို့တော်ရောပေါ့ ... မနက်ဖြန်ကျမှ ဆက်သင်ကြမယ်"

"ကိုကျော်စွာမောရင် ခဏနားလေ၊ ဘုတ်ဘုတ်တစ်ယောက်တည်း စမ်းပြီးစီးကြည့်တာပေါ့ ... "

"မစီးပါနဲ့ကွာ ... မတော်လို့စက်ဘီးမှောက်ရင် အရမ်းနာမှာနော် ... "



"မမှောက်ပါဘူး ကိုကျော်စွာရဲ့ ... မမှောက်အောင်စီးပြမယ်ကြည့်နေ ... "

ပြောပြောဆိုဆို သူမက စက်ဘီးကို ဘေးတစ်စောင်းအနေအထားကနေ အရှိန်ယူပြီး စ,ထွက်သွားပါတော့တယ်။ တစ်ခဏအတွင်းမှာ ဘုတ်ဘုတ်က စက်ဘီးပေါ်ရောက်သွားပြီ။ ကျော်စွာခမျာ မောလွန်းလို့ ဘာမှပြန်မပြောလိုက်နိုင်ခင် သူမက ခပ်လှမ်းလှမ်းမှာ လက်ကိုင်ကို ဟိုယိုင်ဒီယိုင်နဲ့ စက်ဘီးစီးနေလေရဲ့။

အဲဒီအချိန်မှာ ရုတ်တရက် မိုးသားတွေက အုံ့မှိုင်းကျသွားတယ်၊ လေတိုက်နှုန်းကလည်း ပိုကြမ်းလာတယ်။

ဒါ ဘာအစိပ္ပာယ်ပါလိမ့် ... ။

သူက အထိတ်တလန့်နဲ့ ဘုတ်ဘုတ်စက်ဘီးစီးနေတဲ့ဆီ လှမ်းကြည့်လိုက်မိတယ်။ သူမဟာ သူနဲ့ဝေးရာအရပ်ကို စက်ဘီးလေးနင်းလို့ ဖြည်းဖြည်းချင်းရွေ့လျားသွားနေပါတယ်။ အဲဒီကနေ ရှေ့ဆက်သွားရင် ကုန်းဆင်းတစ်ခုရှိနေတာကို သူ သတိရသွားပြီး လှမ်းအော်ပြောလိုက်တယ်။

"ဘုတ်ဘုတ် ... ညီမလေး အဲဒီဘက်ကိုမသွားနဲ့"

ဒါပေမဲ့ သူမက သူ့အသံကိုမကြားတော့ဘဲ ကုန်းဆင်းနယ်မြေထဲကိုရောက်ရှိလို့သွားပါပြီ။ ကျော်စွာစိုးသန့်းတစ်ယောက် စိုးရိမ်ကြီးနောက်ကနေ ပြေးလိုက်သွားမိတယ်။ စက်ဘီးလေးက ကုန်းဆင်းလမ်းအတိုင်း အရှိန်ပြင်းပြင်းထိုးကျသွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီအခိုက်အတန့်လေးမှာပဲ ကုန်းဆင်းအကွေ့ နောက်ကွယ်မှ ဆလွန်းကားတစ်စီးက ဘွားခနဲပေါ်လာတယ်။ သူမလည်း စက်ဘီးလက်ကိုင်တွေကို ဘယ်လိုမှ မထိန်းသိမ်းနိုင်တော့ဘူး ...။ ဘုတ်ဘုတ်ဆီမှ အ...ဘကြားနဲ့ ... သူနာမည် ခေါ်သံနက်နက်ကြီးကို ကြားရတယ်။

"ကိုကျော်စွာ ... ဘုတ်ဘုတ်ကို ကယ်ပါဦး"

သူမခေါ်သံအဆုံးမှာ "ဒုန်း"ဆိုတဲ့ အသံကြီးကိုပါ တစ်ဆက်တည်း ကြားလိုက်ရပြန်တယ်။ ဘုတ်ဘုတ်စီးလာတဲ့စက်ဘီးလေးဟာ မလှမ်းမကမ်းကို လွင့်စဉ်ထွက်သွားရဲ့။

"ဘုတ်ဘုတ် ..."

ကျော်စွာက သူမနာမည်ကို အော်ခေါ်ပြီး ဘုတ်ဘုတ် လဲကျတဲ့နေရာဆီ ပြေးသွားလိုက်ပါတယ်။ သူ...ကို ကျော်စွာပြေးပွေ့လိုက်တဲ့အချိန်မှာ ဘုတ်ဘုတ်ရဲ့ နှုတ်ခမ်းလေးတွေ တဆတ်ဆတ်တုန်ခါလို့။ သူမ နှုတ်ခမ်းထောင့်စွန်းမှာ သွေးစလေးတွေ စီးကျနေတာ တွေ့ရတယ်။

ကြည့်ရတာ သူမဟာ သွေးစွန်းနေတဲ့နှုတ်ခမ်းတွေနဲ့ သူ့ကို တစ်ခုခုပြောချင်နေပုံပါပဲ။ ကျော်စွာက သူမကို ပွေ့ပိုက်ရင်း သွေးရူးသွေးတန်းတွေ လျှောက်ပြောနေမိတယ်။

"ညီမလေး ... ဘုတ်ဘုတ် ... သတိထားနော် ... ဘာမှမဖြစ်ဘူး သိလား ..."



သူ အဲဒီလိုပြောနေဆဲမှာပဲ ...ဘ်ဘုတ်က ငြိမ်သက်လို့သွားပါတယ်။ ကျော်စွာလည်း သူမကိုပွေ့...ဘားရင်းမှ ခါးသက်စွာသံကုန်အော်ထည့်ပစ်လိုက်တော့တယ်။

**အား ... အား ... အား ...**

www.burmeseclassic.com

[ ၁၈ ]

www.burmeseclassic.com

www.burmeseclassic.com

ဘာပဲဖြစ်ဖြစ် အခုတော့ အန္တရာယ်ရန့်တွေ ပြည့်နှက်နေတဲ့ ညနေခင်းတစ်ခုဟာ အဆုံးသတ်သွားပါပြီ။ တိုက်ဆိုင်တယ်ပဲပြောရမလား။ ဒီတိုက်ဆိုင်မှုမှာ တစ်ယောက်ယောက်သာနောက်ကျခဲ့မယ်ဆိုရင် ဘယ်လောက်ကောင်းလိမ့်မလဲလို့ သူတွေးနေမိတယ်။

ကျော်စွာစိုးသန်းက ကံကြမ္မာဆိုတဲ့ငနဲကို မထေမဲ့မြင်နဲ့ လှမ်းကြည့်လိုက်ပါတယ်။ ပြီးတော့ သူတစ်ယောက်တည်း ခပ်ရွှဲရွှဲလေးပြုံးလိုက်မိတယ်။

ဟိုတစ်ခါတုန်းက သေခြင်းတရားဟာ သူချစ်သူကို လက်ထပ်ပြီး တစ်လအကြာမှာ လာရောက်ခေါ်ငင်သွားခဲ့ပြီး၊ ဒီတစ်ခါကျတော့ လက်မထပ်ခင်တစ်လအလိုမှာ လာရောက်ခေါ်ဆောင်သွားခဲ့ပြန်တယ်။ ဒါကရော မတော်တဆ တိုက်ဆိုင်ခဲ့တာပဲလား။ ဒါမှမဟုတ် ညှိနှိုင်းချက်တစ်စုံတစ်ရာများရှိနေသလား။

www.burmeseclassic.com

www.burmeseclassic.com

ဘုတ်ဘုတ်ရေ ... 154

မင်းကိုချစ်ခဲ့တဲ့ ငါ့ချစ်ခြင်းတွေအတွက်
ရင်ခွင်စိုက်ခင်းတစ်ခုလုံး
အလွမ်းပင်တွေပဲ ပြန့်ကျဲပေါက်ရောက်နေပါစေ။

www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ ငါက
တိုက်ဆိုင်ပြီဆိုရင်
ကံမကောင်းတတ်တာသက်သက်ပါကွာ။ ။

လေးစားစွာဖြင့်...
ဝေမှူးသွင်

www.burmeseclassic.com